# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၅၆)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများသို့ ချစ်ကြည်ရေးခရီးထွက်ခွာ



**ရန်ကုန် ဇွန် ၁၆**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Madame Pany YHTHOTOUS နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Nguyen Sinh Hung တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Nilahath SHYARATH နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Chu Cong Phung နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

**လိုက်ပါသွား**

အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်၊ ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဦးဘရန်ရှောင်၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဦးဆန်းရယ်နှင့် ဦးစောတော်ပလဲ၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးဟာရှိန်းဘွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကော်မတီအဖွဲ့ဝင် ဦးဋ္ဌေးဝင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးလှသိန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၆**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် စစ်တွေမြို့ ပြည်နယ်လွှတ်တော်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ ပြည်သူ့လွှတ်တော်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၅* *



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် တာဝန်ရှိသူများ ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြစဉ်။** (သတင်းစဉ်)

**အားပေးစကားပြောကြား**

**နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ရန်အောင်မြင်ကျေးရွာ တိုင်းရင်းသားရွာသူ/ရွာသားများအားတွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။** (သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ဦးဆောင်သောအဖွဲ့ ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြောက်ခြမ်းရှိ ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ဦးဆောင်သောအဖွဲ့သည် ယမန်နေ့တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြောက်ခြမ်းရှိ ဒေသခံတိုင်းရင်းသားကျေးရွာနှင့် ဘင်္ဂါလီကျေးရွာ ကိုးရွာတို့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ မောင်တောမြို့နယ် တောင်ခြမ်း၌ ဖြစ်ပျက်ခဲ့သော အကြမ်းဖက်ဖျက်ဆီးမှုဖြစ်စဉ်များကို သင်ခန်းစာယူကာ မောင်တောမြို့နယ်မြောက်ခြမ်းတွင် ယင်းကဲ့သို့ မဖြစ်ပေါ်စေရေး အသိပညာပေးပြောကြားပြီး လက်ရှိ တိုင်းရင်းသားကျေးရွာများနှင့် ဘင်္ဂါလီကျေးရွာများအကြား နှစ်ဖက်ထိန်းသိမ်းထားရှိသော တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းထားရှိနိုင်ရန် လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများကို မေးမြန်းရှင်းလင်းမှာကြားခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ●

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၁၇ ရက်)

# လူမှုရေးစိတ်ဓာတ် မြင့်မြတ်ဂုဏ်အင်

လူတိုင်းသည် လူမှုရေးနယ်ပယ်နှင့် မကင်းနိုင်ကြပေ။ လူမှုအရေးသည် လူ့အရေးပင်ဖြစ်၏။ လူတို့၏ အရေးသည် မြားမြောင်လှပေစွ။ လူမှုရေးသည် သာရေးလည်း ဖြစ်နိုင်သလို နာရေးလည်း ဖြစ်နိုင်၏။ မည်သို့သော လူမှုအရေးဖြစ်စေကာမူ လူမှုအရေးကြုံကြိုက်လာလျှင် ပူးပေါင်းဆောင်ရွက်ကြရပေသည်။ လူမှုရေး လုပ်ငန်းသည် မြင့်မြတ်သောလုပ်ငန်းတစ်ရပ်ဖြစ်သည်။

လူ့နီတိတွင် အတ္တ၊ ပရဟူသော စကားရှိသည်။ လူတိုင်းသည် အတ္တမကင်းသလို ပရနှင့်လည်းကင်း၍ မရချေ။ အများအကျိုးကို သယ်ပိုးခြင်းတည်းဟူသော ပရဟိတလုပ်ငန်းကို လုပ်ကိုင်နိုင်သည်နှင့်အမျှ မိမိအကျိုး သယ်ပိုးခြင်းဟူသည့် အတ္တ၊ လိုအင်ဆန္ဒများသည်လည်း အများ၏ ပြန်လည်ကူညီဖေးမခြင်းကြောင့် ပြည့်ဝ ကြရသည်ချည်းဖြစ်သည်။

မြန်မာလူမှုနယ်ပယ်တွင် လူတစ်ဦးဖြစ်စေ၊ လူတစ်ဖွဲ့ဖြစ်စေ အရေးကိစ္စကြုံလာသည့်အခါ ပရဟိတလုပ်ငန်း အဖြစ် အများအကျိုးအတွက် ဝိုင်းဝန်းဖေးမ ကူညီကြရ၏။ ဤသို့ဖေးမကူညီကြခြင်းကား အမျိုးမျိုးရှိကြ၏။ အချို့က မင်္ဂလာအမှုကိစ္စ၊ အချို့က နာရေးကိစ္စ စသည်တို့ဖြစ်၏။ ဤသို့ လူသားအချင်းချင်း ရိုင်းပင်းကူညီခြင်း အလုပ်သည် လူမှုရေးအလုပ်ပင်ဖြစ်၏။ လူသားတစ်ဦးနှင့်တစ်ဦး အရေးကိစ္စကြုံလာလျှင် ဝိုင်းဝန်းကူညီကြခြင်း သည် မြန်မာမှုနယ်ပယ်တွင် ချစ်စရာကောင်းသော အမူအကျင့်များပင်ဖြစ်၏။

လူရယ်လို့ဖြစ်လာကြပြီဆိုလျှင် လူမှုရေးဘောင်အတွင်း ကျင်လည်ကြရ၏။ အဘယ်ကြောင့်ဟူမူ လူတိုင်း တွင် အရေးဆိုတာရှိ၏။ ထိုအရေးတို့ကို လူမှုရေးစိတ်ဓာတ်ဖြင့် ကူညီကြရ၏။ လူမှုရေးသည် ကိုယ့်အရေးရှိနိုင် သလို သူ့အရေးဆိုတာလည်းရှိ၏။ မည်သူ့၌ လူမှုရေးရှိစေကာမူ လူမှုရေးစိတ်ဓာတ်ထားရှိ ကူညီဆောင်ရွက် ကြရ၏။ လူမှုရေးစိတ်ဓာတ်ထားရှိဆောင်ရွက်ခြင်းသည် လူသားဆန်၏။ ကောင်း၏။

လူမှုရေးစိတ်ဓာတ်သည် ကိုယ်ချင်းစာတရားကိုအခြေခံသည်။ ကိုယ်ချင်းစာစိတ်ရှိသူတိုင်းသည် လူမှုရေး စိတ်ဓာတ်ရှိ၏။ ကိုယ်ချင်းစာတရားဟူသည် မိမိကဲ့သို့ စားနိုင်ပါစေ၊ သောက်နိုင်ပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေဟူသော စိတ်ကောင်းစေတနာပင်ဖြစ်၏။ ဤစိတ်ကောင်း စေတနာဖြင့်ပင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ကြရ၏။

ယနေ့ခေတ်တွင် လူမှုရေးစိတ်ဓာတ်များရှင်သန်ထွန်းကားလာသည်နှင့်အမျှ လူမှုရေးလုပ်ငန်းများလည်း ကျယ်ပြောလာ၏။ လူမှုရေးလုပ်ငန်း အမျိုးမျိုးပင်ရှိသည်။ လူမှုရေးလုပ်ငန်းအများစုမှာ ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲမှုလျှော့ချရေး စသည်တို့ပင်ဖြစ်၏။ လူမှုရေးစိတ်ဓာတ်နှင့်အတူ ရှင်သန်ဖြစ်ထွန်းလာသော လူမှုရေး လုပ်ငန်းများသည် လူ့ဘောင်လောက သာယာဝပြောရေးအတွက် များစွာပင် အထောက်အကူပြုနေကြပြီး ဖြစ်သည်။

သို့ပါသောကြောင့် လူ့ဘောင်လောကသာယာဝပြောမှုကောင်းကျိုးကို ဖြစ်ထွန်းစေနိုင်သည့် လူမှုရေး လုပ်ငန်းများကို လူမှုရေးစိတ်ဓာတ်အပြည့် ထားရှိမွေးမြူ၍လုပ်ကိုင်သင့်၏။ လူတစ်ဦးချင်းမှအစ လူသား တစ်ရပ်လုံး မြင့်မြတ်သော လူမှုရေးစိတ်ဓာတ်ကောင်းများ ရှင်သန်ထွန်းကားနေကြမည်ဆိုလျှင် ဤလူ့ဘောင် လောကကြီးတစ်ခုလုံး စိတ်ချမ်းမြေ့ပျော်ရွှင်စရာကောင်းမည်ဟု ယုံကြည်မိပါကြောင်း။ ။

## ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမက(၃၃) မူလွန်ကျောင်း၌ ဇွန် ၁၄ ရက် နံနက်က ခရိုင်/ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သန့်ရှင်းရေးသုံးပစ္စည်း ထောက်ပံ့ပေးအပ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း အခမ်းအနားကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိမိခိုင်က ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ဟောပြော သည်။ ထို့နောက် ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် ဒေါ်ခင်စိုးမိုးတို့က ကျောင်း ၂၂ ကျောင်းမှ ကျောင်းအုပ်ကြီးများအား သန့်ရှင်းရေးသုံးပစ္စည်းများ ပေးအပ်ကြသည်။ ယင်းနောက် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ လူမှုရေးအသင်းအဖွဲ့များသည် ကျောင်းဝင်းအတွင်း၌ မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၆၆)**



## မော်ကျွန်း၌ အခမဲ့ဆေးခန်းအတွက် ငွေလှူ

**မော်လမြိုင်ကျွန်း ဇွန် ၁၆**

မော်လမြိုင်ကျွန်းမြို့တွင် အခမဲ့အထွေထွေရောဂါကုဆေးခန်းဖွင့်လှစ်ထားသော အဖြူရောင်နှလုံးသားအဖွဲ့သို့ အလှူငွေပေးအပ်ပွဲကို ဇွန် ၁၀ ရက်က ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ရန်ကုန်မြို့နေ မော်လမြိုင်ကျွန်းမြို့နယ်သူ မြို့နယ် သားများဖြစ်ကြသော လမ်း ၅၀ နေ ဦးကိုကိုနိုင်-ဒေါ်ချိုချိုမာမိသားစုက ငွေကျပ် ငါးသိန်း၊ လမ်းမတော် ၁၅ လမ်းနေ ဦးမောင်မောင်ဆန်း-ဒေါ်မြမြသိန်းမိသားစုက ငွေကျပ်ငါးသိန်းငါးသောင်း၊ စဉ့်အိုးတန်းလမ်းနေ ဦးထွန်းဝေက ငွေကျပ်တစ်သိန်း၊ ဦးကြည်ဝင်း- ဒေါ်တင်ဥ(ရတနာမိုးထီဆိုင်)က ငွေကျပ်တစ်သိန်း၊ အလုံလမ်းနေ ဦးသန်းဝင်း-ဒေါ်ပုပုတင် မောင်နှမမိသားစုများက ငွေကျပ်သုံးသိန်းနှင့် ရန်ကုန်မြို့ ၉ မိုင်နေ ဦးသိန်းမြင့်-ဒေါ်တင်ရီ မိသားစုများက ငွေကျပ်ရှစ်သောင်း စုစုပေါင်း အလှူငွေကျပ် ၁၆၃၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ အဖြူရောင်နှလုံးသားအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဇင်နှင့်အဖွဲ့က လက်ခံယူကြသည်။

အဖြူရောင်နှလုံးသားအဖွဲ့သို့ ပါဝင်လှူဒါန်းလိုပါက ဦးခင်မောင်ဇင် ဖုန်း-၀၉- ၄၉၇၂၉၆၆၀နှင့် ဦးထွန်းဝေ(ရန်ကုန်) ဖုန်း-၀၉-၅၀၁၀၉၅၅ တို့ထံ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရှိရသည်။ **(၀၆၅)**

## စာကြည့်တိုက်ပညာကျွမ်းကျင်မှု သင်တန်းဖွင့်မည်

**ရန်ကုန် ဇွန် ၁၆**

စာကြည့်တိုက်ပညာ ပြန့်ပွားရေး နှင့် စာကြည့်တိုက်ပညာကိုကျယ်ကျယ် ပြန့်ပြန့် နားလည်တတ်ကျွမ်းစေရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက ကြီးမှူး၍ စာကြည့်တိုက်ပညာကျွမ်းကျင်မှုသင်တန်း (ဒုတိယအဆင့်) ၁/၂၀၁၂ကို ဇွန် ၁၈ ရက်မှ ဇူလိုင် ၁၇ ရက်အထိ ဖွင့်လှစ်သွား မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာန များ၌ စာကြည့်တိုက်တာဝန်ကိုထမ်း ဆောင်နေကြသည့် စာကြည့်တိုက် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်စာကြည့်တိုက်များမှ စာကြည့် တိုက်မှူးများနှင့် စာကြည့်တိုက်ပညာကို စိတ်ဝင်စားကြသူများအတွက် လက်တွေ့ ကျကျ လေ့လာသင်ယူနိုင်ကြမည်ဖြစ် သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီက ပထမ အဆင့်သင်တန်းကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယခုဒုတိယအဆင့်သင်တန်းဖွင့်လှစ်ခြင်း ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ သည် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာ အေးဘုရားလမ်း သီရိမင်္ဂလာရိပ်သာ လမ်းသွယ် အမှတ်(၈၅) အမျိုးသား စာကြည့်တိုက် ဖုန်း-၆၆၀၃၈၇ နှင့် ၆၆၃ ၉၀၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း အသိ ပေးတင်ပြလိုက်ပါသည်။

**(နွဲ့နွဲ့ကြည်-သတင်းစဉ်)**

## စဉ့်ကိုင်မြို့၌ မိုးစပါးစိုက်ပျိုးရန် ချေးငွေထုတ်ပေး

**စဉ့်ကိုင် ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက် ဆည်ခရိုင် စဉ့်ကိုင်မြို့တွင် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဇွန် ၁၄ ရက် နံနက် ၉ နာရီခွဲက ၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် တောင်သူ များ၏ စပါးသီးနှံအပေါ် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေး လျက်ရှိသည်။ ထိုသို့ထုတ်ချေးရာတွင် မြို့နယ်မန်နေဂျာ ဦးမြင့်မောင်နှင့် ဝန်ထမ်း များက ဘယ်လင်းအုပ်စုနှင့် သိန္နီကုန်း ကျေးရွာအုပ်စုမှ တောင်သူ ၂၄၁ ဦးအား တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ချေးငွေပေါင်း ၆၈၅ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့သည်။ ထို့အပြင် စဉ့်ကိုင် မြို့နယ်ဘဏ်ခွဲအနေဖြင့် တောင်သူများ ပိုင်ဆိုင်သော စုဆောင်းငွေများကိုကျေးရွာ အုပ်စု ၅၁ အုပ်စုမှ တောင်သူ ၈၃၇၈ ဦး အား ငွေကျပ် ၅၁၆၀ ဒသမ ၇၉ သိန်း ပြန်လည်ထုတ်ပေးပြီးဖြစ်ကြောင်း သိရှိ ရသည်။ **(စိုက်ပျိုးရေး)**

## သာစည်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**သာစည် ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကြက်မောက်ကျေးရွာ အုပ်စု ကြက်မောက်ကျေးရွာ၌ ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၇ နာရီက ကျင်းပရာ မိတ္ထီလာခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုဝင်း၊ သာစည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်၊ သာစည်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးဝင်းထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာပြည်သူများက ကျွန်း ၂၁၆ ပင်၊ ယူကလစ်ရှား ၁၁၀၃ ပင်၊ ယမနေ ပင်၂၁၀၊ အော်ရီးရှား ၁၄၁ ပင်နှင့် တမာပင် ၃၀ စုစုပေါင်းအပင် ၁၇၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(မြို့နယ်သစ်တော)**



## ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

**တာချီလိတ် ဇွန် ၁၆**

တာချီလိတ်မြို့နယ် မိုင်းကိုး ကျေးရွာအုပ်စု ကွင်းအမှတ် (၅)တွင် ပုလဲ သွယ်စပ်မျိုးစပါး တောင်သူပညာပေး စံကွက်ရိတ်သိမ်းပွဲကို ဇွန် ၆ ရက် နံနက် ပိုင်းက ကျင်းပသည်။ အခမ်းအနားတွင် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော် မြင့်က ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုး စပါးအကြောင်း ရှင်းလင်းပြောကြား သည်။ ထို့နောက် တစ်ဧကကိုယ်စားပြု စံကွက်ရိတ်သိမ်းရာ(အစို) ၁၅၇ တင်း ထွက်ရှိခဲ့သည်။

၂၀၁၂-၂၀၁၃ မိုးစပါးစိုက်ရာသီ တွင် တာချီလိတ်ခရိုင်၌ ပုလဲသွယ် စပ်မျိုးစပါးဧက ၃၀ကို စံပြစိုက်ပျိုးသွား မည်ဖြစ်သည်။

အခမ်းအနားသို့ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ရှမ်းပြည် နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မြင့်နှင့် စိုက် တိုးမြှင့်အဖွဲ့ဝင်များ၊ တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် ဒေသခံ တောင်သူများ တက်ရောက်လေ့လာခဲ့ ကြကြောင်း သိရှိရသည်။ **(၀၆၀)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**



**သဃ်္ဃန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံများ ပေးအပ်ပွဲ ကို ဇွန် ၈ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် ပညာသင် ထောက်ပံ့ကြေး ပေးအပ်စဉ်။** (၀၂၅)

## စာကြည့်တိုက်ခိုင်မာရေး မအူပင်၌ဟောပြော စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**မအူပင် ဇွန် ၁၆**

မအူပင်ခရိုင် မအူပင်မြို့နယ် ခြောက်ရွာကျေးရွာအုပ်စု ခြောက်ရွာ ကျေးရွာပါရမီစာကြည့်တိုက်တွင် ဇွန် ၆ ရက် နံနက် ၉ နာရီက ဟောပြောပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှိုင်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း အကျိုးကျေးဇူးနှင့် ရှင်သန်ခိုင်မာသော စာကြည့်တိုက် များဖြစ်ပေါ်ရေး ဟောပြောဆွေးနွေးပြီး စာကြည့်တိုက်အလှူရှင် ဦးကျော် လင်းက စာကြည့်တိုက်ဆောက်လုပ် လှူဒါန်းရခြင်းအကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်များ က စာအုပ်စာစောင် ၃၈၀ ကို ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံယူ ကြကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

17-6 (02).pmd 1 6/17/2012, 2:19 AM

▲ ကျောဖုံးမှ

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အစိုးရသစ်ပေါ်ပေါက်လာပြီးနောက် မူလတန်း မသင်မနေရ ပညာရေးစနစ်အား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးမြှင့်တင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ရန် ပညာရေးအသုံးစရိတ်ဘတ်ဂျက်ကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရည်ထူးချွန်သူများကိုလည်း ပိုမိုအားပေးပြီး ထူးချွန်သူများ အရည်အသွေးပိုမိုမြင့်မားရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆင်းရဲနွမ်းပါးသူများ ပညာရေးနှင့်ပတ်သက်ပြီး ဆက်လက်သင်ကြားနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးခြောက်ဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးနှင့် ဂုဏ်ထူးငါးဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူ သုံးဦးတို့အားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ဂုဏ်ထူးလေးဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းမှူးက ဂုဏ်ထူး သုံးဘာသာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့်ဦးအေးကြူနှင့် ဦးဘရွှေ၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးတို့က ဂုဏ်ထူးနှစ်ဘာသာ၊ တစ်ဘာသာတို့ဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးစခန်းမှူး ဗိုလ်မှူးချုပ်ဝင်းသိန်းက ထူးချွန်စွာသင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများအားလည်းကောင်း၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တပ်မှူး ဗိုလ်မှူးချုပ်ကျော်မင်းဦးက တက္ကသိုလ်ဝင်စာမေးပွဲကို ဇေယျာသီရိမြို့နယ်မှ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုများကိုပေးအပ်ချီးမြှင့်ကြသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက်ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့က ဇေယျာသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ ဆရာမများအတွက် ကျောင်းစိမ်းလုံချည်များနှင့် ဒသမတန်းကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများထံ ပေးအပ်ကြသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ရေဆင်းအခြေခံပညာအထက်တန်းကျောင်းမှ ဂုဏ်ထူးခြောက်ဘာသာဖြင့် အောင်မြင်ခဲ့သည့် မမေပွင့်သူက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ရေဆင်းအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မြတ်မွန်က ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဂုဏ်ထူးရ ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# Champion Challenge Cup ပန်ကြပ်ဆီလပ်ပြိုင်ပွဲ တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တံခွန်စိုက်ဒိုင်းဆုချီးမြှင့်

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် အားကစားလေ့ကျင့်ရေးဇုန် ကျွမ်းဘားလေ့ကျင့်ရေးခန်းမ၌ လေ့ကျင့်ရေးသုံးနှင့် ပြိုင်ပွဲသုံးကျွမ်းဘား အထောက်အကူပြုပစ္စည်းများ တပ်ဆင်နေမှု၊ လေ့ကျင့်ရေးဇုန်ရှိ စားသောက်ဆိုင်ခန်းများနှင့် GYM and Fitness Centre ရှိ ခေတ်မီစက်ကိရိယာပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။



မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ကျွမ်းဘား အားကစားလေ့ကျင့်ရေးခန်းမ၌ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပန်ကြပ်ဆီလပ်အားကစား လေ့ကျင့်ရေးခန်းမ၌ Champion Challenge Cup ပန်ကြပ်ဆီလပ် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တာဝန်ရှိသူများက အတန်းလိုက် ပထမ၊ ဒုတိယနှင့် တတိယ ရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ်တစ်ခုတို့ဖြင့် တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဇမ္ဗူသီရိအားကစားဇုန်ရှိ လက်ဝှေ့အားကစားလေ့ကျင့်ရေးရုံ၌ Champion Challenge Cup အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုအဖွဲ့နှင့်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၆**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်အား ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုအဖွဲ့(UNOPS) Myanmar မှ Mr.Sanjay Mathur (Director & Representative)၊ Attila Molnar Programme Coordinatorတို့သည် ပြည်နယ်ဝန်ကြီးချုပ်ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် (UNOPS)အဖွဲ့မှ ကမ္ဘာ့ရန်ပုံငွေထောက်ပံ့မှု အစီအစဉ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ပြည်နယ်အတွင်း HIV/ AIDS ရောဂါ၊ TB ရောဂါ၊ ငှက်ဖျားရောဂါများအတွက် ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေးတင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာများရှိ လူနာများကို ကွင်းဆင်းကုသမှုပြုရာတွင် လိုအပ်သည့်ကိစ္စရပ်များ ပံ့ပိုးကူညီမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၆-၂၀၁၂ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၅း၂၀ MRTV-4 သတင်း
၅း၄၀ **သူဦးကိုယ်ဦးသုံးမြွာပူး** တရားတော်(ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၅၅)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၆၉)
၁၁း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၉)
၂း၀၀ MRTV-4 သတင်း
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ **The Sign of Love** (အချစ်သင်္ကေတ) (အပိုင်း-၁၄)
၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၆၉)
၆း၀၀ MRTV-4 သတင်း
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၅၆)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၇၀)
၁၀း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၁၀)

## စာအုပ်စာပေ လှူဒါန်းမိတ်ဆွေ

# မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်

**နေပြည်တော် ဇွန် ၁၆**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဂွမြို့တွင် ၆ ဒသမ ၆၉ လက်မ၊ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ပုသိမ်မြို့တွင် ၂ ဒသမ ၄၀ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ကသာမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၁ ဒသမ ၈၁ လက်မစီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မော်လမြိုင်မြို့၏ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီးတည်ရှိရာ ပရိဝုဏ်အတွင်း ဓာတ်လှေကားတည်ဆောက်ရန်အတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၀ ရက်က ပိဋကတ်တိုက်ကျောင်းတိုက်၌ ကျင်းပရာ ဦးအုန်းမြင့်(မကွေး)က ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းသဖြင့် ဘုရားဘဏ္ဍာတော်ထိန်း ဥက္ကဋ္ဌ ဦးစန်းမြင့်နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းတို့ လက်ခံယူစဉ်။** (၁၀၇)



# ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်ထားသည့် စက်ရုပ်လေယာဉ် ကမ္ဘာမြေသို့ ပြန်ဆင်းမည်



ဝါရှင်တန် ဇွန် ၁၆

ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ၁၅ လကြာလွှတ်တင်ထားသော အမေရိကန်လေတပ်မှ အာကာသလေ့လာရေးစက်ရုပ်လေယာဉ်သည် သတ်မှတ်ကာလ တာဝန်ထမ်းဆောင်မှု ပြီးဆုံးခဲ့သဖြင့် ယခုရက်ပိုင်းအတွင်း ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်လာတော့မည်ဖြစ်ကြောင်း အမေရိကန်လေတပ်အရာရှိများက ဇွန် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

X-37 B အမည်ရှိ အဆိုပါအာကာသလေ့လာရေးစက်ရုပ်လေယာဉ် (ဝဲပုံ)ကို ၂၀၁၁ ခုနှစ် မတ် ၅ ရက်က စတင်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ၎င်းစက်ရုပ်လေယာဉ်သည် အရှည် ၂၉ ပေရှိပြီး အကျယ် ၁၅ ပေရှိကာ လေယာဉ်အပေါ်ပိုင်း ကိုယ်ထည်အပြင်ဘက်၌ နေစွမ်းအင်သုံးဆိုလာပြားများ တပ်ဆင်ထားသည်။

အဆိုပါစက်ရုပ်လေယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း ထူးခြားမှုများ၊ ကမ္ဘာမြေလေ့လာရေးနှင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာများကိုလေ့လာရန် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ယခု ဇွန်လ ၁၁ ရက်မှ စတင်ကာ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ယင်းအာကာသလေ့လာရေးစက်ရုပ်လေယာဉ်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဗန်ဒါဘတ်လေတပ်အခြေစိုက်စခန်းသို့ မည်သည့်ထိန်းချုပ်မှုမျှမပါဘဲ အလိုအလျောက်ဆင်းသက်မည်ဖြစ်သည်။ လောလောဆယ်အချိန်ထိ ၎င်းစက်ရုပ်လေယာဉ်ရှိ ဆက်သွယ်ရေးကိရိယာများနှင့် ဆက်သွယ်ရေးစနစ်များမှာ ပုံမှန်အတိုင်း အလုပ်လုပ်နိုင်စွမ်းရှိနေဆဲပင်ဖြစ်သည်။ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး နောက်အကျဆုံး ဇွန် ၁၈ ရက်၌ ကမ္ဘာမြေသို့ ၎င်းစက်ရုပ်လေယာဉ် ပြန်လည်ဆင်းသက်မည်ဖြစ်သည်။ (အင်တာနက်)



# ပေ ၁၆၀ ကျော်နက်သော ချောက်ပေါ်မှ အောင်မြင်စွာ ကြိုးတန်းလမ်းလျှောက်ပြနိုင်သူ

နယူးယောက် ဇွန် ၁၆

အမေရိကန်နှင့်ကနေဒါနိုင်ငံကြားရှိ ချောက်တစ်ခုဖြစ်သော နီရာဂါရာချောက်ပေါ်မှနေ၍ ကြိုးတန်းပြီး အမေရိကန်နိုင်ငံသား နစ်ခ်ဝယ်လန်ဒါအမည်ရှိ အမျိုးသားတစ်ဦးက ၎င်းကြိုးတန်းပေါ်မှ တုတ်အရှည်တစ်ချောင်းကိုင်ကာ ဇွန် ၁၆ ရက်က လမ်းလျှောက်ပြနိုင်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

## တိုက်ခတ်လျက်ရှိ

၁၆၇ ပေနက်ရှိုင်းသော နီရာဂါရာချောက်ပေါ်မှ ယခုကဲ့သို့ကြိုးတန်းပြီး လမ်းလျှောက်ပြနိုင်ခြင်းမှာ နှစ်ပေါင်း ၁၀၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ ကြိုးတန်းလမ်းလျှောက်သမား နစ်ခ်ဝယ်လန်ဒါသည် ထိုသို့ကြိုးတန်းပေါ်လမ်းလျှောက်နေချိန်တွင် လေပြင်းများ တိုက်ခတ်လျက်ရှိသည်။ အသက် ၃၃ နှစ်အရွယ်ရှိ နစ်ခ်ဝယ်လန်ဒါက နီရာဂါရာချောက်ပေါ် ကြိုးတန်းပြီး လမ်းလျှောက်ပြနေသည်ကို အမေရိကန်နှင့် ကနေဒါနိုင်ငံသားအများအပြား လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ နစ်ခ်ဝယ်လန်ဒါသည် အခက်အခဲမရှိ အောင်မြင်စွာ လမ်းလျှောက်ပြနိုင်ခဲ့သည်။ (အပေါ်ပုံ)

## လျှောက်လှမ်းခဲ့

နီရာဂါရာချောက်ပေါ်တွင် သွယ်တန်းထားသော ကြိုးအရှည်မှာ ၁၉၆ ပေရှိပြီး ၎င်းကြိုးတန်းပေါ်မှ နစ်ခ်ဝယ်လန်ဒါဖြတ်လျှောက်ချိန်မှာ မိနစ် ၃၀ ခန့်မျှကြာမြင့်ခဲ့သည်။ ထိုသို့ကြိုးတန်းပေါ်ဖြတ်လျှောက်နေချိန်တွင် လေပြင်းများ တိုက်ခတ်နေသဖြင့် အခက်အခဲဖြစ်ရကြောင်း၊ သို့သော် မိမိစိတ်ကို တည်ငြိမ်အောင်ထားပြီး ကြိုးတန်းပေါ်မှ အောင်မြင်စွာ လျှောက်လှမ်းခြင်းဖြစ်ကြောင်း နစ်ခ်ဝယ်လန်ဒါက ပြောကြားသည်။ (အင်တာနက်)



# တောင်တရုတ်ပင်လယ်အတွင်းရှိ စီရှာကျွန်းစုအနီး စောင့်ကြည့်ကာကွယ်ရေးသတင်းကွန်ရက်တစ်ခုထူထောင်မည်

ဟိုင်ကူ ဇွန် ၁၆

တောင်တရုတ်ပင်လယ်အတွင်းရှိ စီရှာကျွန်းစုဝန်းကျင်တွင်ရှိသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်အတွက် တရုတ်နိုင်ငံက သတင်းဆက်သွယ်ရေးကွန်ရက်တစ်ခုကို ထူထောင်မည်ဖြစ်ကြောင်း ဇွန် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါကျွန်းစု (ယာပုံ)တွင် ကျွန်းငယ်ပေါင်း ၄၀ ခန့်ပါဝင်ပြီး ရေအောက်တွင် နစ်မြုပ်လျက်ရှိသော ရှေးဟောင်းသင်္ဘောပျက်များ၊ ရေအောက်သယံဇာတပစ္စည်းများကို တရားမဝင်ရှာဖွေရယူမှုများပြုလုပ်နေခြင်းကြောင့် ယခုကဲ့သို့ စောင့်ကြည့်ကာကွယ်ရေးသတင်းကွန်ရက်တစ်ခုကို ထူထောင်ခြင်းဖြစ်သည်။

ယင်းသတင်းဆက်သွယ်ရေးကွန်ရက်တွင် ဂြိုဟ်တု၊ ခေတ်မီစောင့်ကြည့်လေ့လာရေးကိရိယာများနှင့် ခေတ်မီစနစ်များအသုံးပြုတပ်ဆင်ထားသည့်ဌာနတို့ပါရှိပြီး အချိန်ပြည့်စောင့်ကြည့်ကာကွယ်သွားမည်ဖြစ်သည်။

၎င်းကျွန်းစုသည် ရှေးဟောင်းတရုတ်ကုန်သင်္ဘောများ ခရီးတစ်ထောက် ဆိုက်ကပ်ရပ်နားရာနေရာအဖြစ် အသုံးပြုခဲ့သည့်အပြင် ရှေးခေတ်ကုန်သင်္ဘောများလည်း သဘာဝဘေးအန္တရာယ်ကြောင့် နစ်မြုပ်ခဲ့သည့်နေရာလည်းဖြစ်သည်။ စီရှာကျွန်းစုသည် အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းဒေသနှင့် အိန္ဒိယနိုင်ငံများသို့ ရေလမ်းခရီးသွားရောက်ရာတွင် အဓိကကျသည့် ကျွန်းစုလည်းဖြစ်သည်။ (အင်တာနက်)

## နိုင်ငံတကာသတင်းအတိုအထွာ ၁၆-၆-၂၀၁၂

တင်မောင်လွင် - စုစည်းသည်

### ဘင်္ဂလားဒေ့ရှ်၌ တံတားပြိုကျမှုကြောင့် ကားရှစ်စီးမြောင်းထဲထိုးကျ

*ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်းတွင် ဇွန် ၁၅ ရက် ညနေက တံတားတစ်စင်းပြိုကျမှုကြောင့် မော်တော်ယာဉ်ရှစ်စီး တူးမြောင်းတစ်ခုအတွင်းသို့ ထိုးကျခဲ့ပြီး ခရီးသည်တစ်ဦးသေဆုံးကာ အခြား ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။ အဆိုပါဖြစ်ပွားမှုသည် မြို့တော်ဒါကာအရှေ့မြောက်ဘက် ၂၄၁ ကီလိုမီတာခန့်အကွာ ဆိုင်းဟတ်မြို့ ကွန်ပန်ဂန်ပတ်ဇီလာဒေသ၌ ယင်းနေ့ဒေသစံတော်ချိန်ည ၉ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်ပွားမှုတွင် ဘတ်စ်ကားတစ်စီးနှင့် အနည်းဆုံး ကုန်တင်ကားငါးစီးပါဝင်ကြောင်း၊ လမ်းပေါ်တွင်ယာဉ်ပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဒေသတွင်းယူအင်န်ဘီ သတင်းဌာနက ထုတ်ပြန်ခဲ့သည်။ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များက အဆိုပါဖြစ်ပွားရာနေရာသို့ ချက်ချင်း ရောက်ရှိခဲ့ပြီး လူခုနစ်ဦးကို ကယ်ဆယ်ခဲ့ရကြောင်း၊ တံတားပြိုကျမှုနှင့်ပတ်သက်ပြီး မသိရှိရသေးကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ (ယာပုံ)*



### ကမ္ဘာကျော်ပန်းချီကားများ လန်ဒန်မြို့၌ လေလံတင်ရောင်းချမည်

*ကမ္ဘာကျော်ခရစ္စတင်းလေလံတင်ရောင်းချရေးအဖွဲ့က ကြီးမှူး၍ ကမ္ဘာ့ထိပ်တန်းပန်းချီဆရာများ၏လက်ရာမြောက် ပန်းချီကားချပ်စုစုပေါင်း ၇၁ ချပ်ကို ခန့်မှန်းခြေတန်ဖိုးပေါင် ၈၆ သန်းမှ ၁၂၆ သန်း(အမေရိကန်ဒေါ်လာ ၁၀၉ သန်းမှ ၁၅၉ သန်း)နှင့် လာမည့် ဇွန် ၂၀ ရက် ညနေတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ဇွန် ၁၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။*



*လေလံတင်ရောင်းချမည့် အဆိုပါ ပန်းချီကားများသည် ပီရေးအော်ဂတ်စတာရေးနွား၊ ပါပလိုပီကာဆို၊ ပေါလ်စီနက်၊ ပေါလ်ဂူဂန်နှင့် မူရစ်ဒီဗလာဒီမက်စသော ပန်းချီအကျော်အမော်များ၏ပန်းချီကားများဖြစ်ကြသည်။ ယင်းလေလံရောင်းချပွဲတွင် ပြင်သစ်ပန်းချီဆရာ အော်ဂတ်စတာရေးနွား၏ ၁၈၈၈ ခုနှစ်က ရေးဆွဲထားသည့် အကျော်ကြားဆုံးပန်းချီကားဖြစ်သည့် အမျိုးသမီးကိုယ်ဟန်အလှမယ်ပုံပန်းချီကား (ဝဲပုံ)ကို အသားပေးရောင်းချသွားမည်ဖြစ်သည်။ ယင်းပန်းချီကားသည် ခန့်မှန်းခြေတန်ဖိုး ပေါင် ၁၂ သန်းမှ ၁၈ သန်းရှိသည်။ ၎င်းပန်းချီကားသည် ဈေးကွက်သို့မရောက်မီ ပြီးခဲ့သည့် ၁၅ နှစ်က ဆွစ်ဇာလန်မှ စုဆောင်းထိန်းသိမ်းသူတစ်ဦးက ပိုင်ဆိုင်ခဲ့ပြီး ယခင်နယူးယောက်မြို့တွင် ပြုလုပ်သည့် လေလံပွဲတွင် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉ သန်းဖြင့် စံချိန်တင်ရရှိခဲ့သည်။ အဆိုပါလေလံပွဲတွင် အခြားအသားပေးရောင်းချမည့်ပန်းချီကားမှာ စပိန်ပန်းချီအကျော်အမော် ပါဘလိုပီကာဆို၏ လက်ရာမြောက်ပန်းချီကားဖြစ်သည့် အင်္ဂလန်အမျိုးသမီးဖန်မီးအူချန်နွန်း၏ ပုံတူပန်းချီကားဖြစ်သည်။ ပန်းချီဆရာပီကာဆိုက အဆိုပါ အမျိုးသမီးပုံပန်းချီကားကို ခေတ်မီဆန်းသစ်သောအမြင်နှင့် ထူးခြား ပြောင်မြောက်သည့် လက်ရာဖြင့်ရေးဆွဲထားခဲ့ခြင်းဖြစ်သည်။ ယင်းပန်းချီကားကို ကနဦး နှစ်ပေါင်း ၄၀ နီးပါးအချိန်က ပုဂ္ဂလိကစုဆောင်းရေးလုပ်ငန်းမှ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပေါင် ၆ သန်းမှ ၉ သန်းအထိ ရောင်းချနိုင်မည်ဟု ခန့်မှန်းထားကြောင်း လေလံတင်ရောင်းချရေးမှ ပြောကြားသည်။ (အင်တာနက်)*

# ကမ္ဘာ့စီးပွားရေးခိုင်မာရန် အမေရိကန်နှင့်အိန္ဒိယခေါင်းဆောင်များ သဘောတူ

ဝါရှင်တန် ဇွန် ၁၆

ကမ္ဘာ့စီးပွားရေး၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရန် အရေးကြီးကြောင်း အမေရိကန်သမ္မတအိုဘားမားနှင့်အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့ သဘောတူညီကြကြောင်း အမေရိကန်သမ္မတအိမ်ဖြူက ဇွန် ၁၄ ရက်တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။

အန္တရာယ်ရှိလာမှုကို တုံ့ပြန်ရန်နှင့် ကမ္ဘာ့ဖွံ့ဖြိုးမှုကို ကျားကန်ပေးရေးအတွက် ကြိုတင်စီစဉ်ထားရန် အရေးကြီးကြောင်း တယ်လီဖုန်းဖြင့် နှစ်နိုင်ငံခေါင်းဆောင်တို့ ဆက်သွယ်ပြောဆိုစဉ် သဘောထားချင်းတူညီကြသည်ဟုသိရသည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာနှစ်နိုင်ငံအကျိုးတူကိစ္စများကိုလည်း ဆွေးနွေးကြသည်ဟုသိရသည်။ (အင်တာနက်)

# အိုပက်၏ရေနံထုတ်လုပ်မှုနှုန်း လက်ရှိအတိုင်း ထားရှိရန်ဆုံးဖြတ်

ဗီယင်နာ ဇွန် ၁၆

ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)က တစ်နေ့လျှင် ရေနံစည်ပေါင်း သန်း ၃၀ ထုတ်သည့် လက်ရှိနှုန်းအတိုင်း ဆက်လက်ထုတ်လုပ်ရန် ဇွန် ၁၄ ရက်က ဆုံးဖြတ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။ (ယာပုံ)



## ဖော်ပြပါရှိ

အိုပက်အဖွဲ့သည် ကမ္ဘာ့စီးပွားရေး၏ လက်ရှိအခြေအနေနှင့် အနာဂတ်အလားအလာအပြင် ဥရောပကြွေးမြီပြဿနာကဲ့သို့သောအခြားကိစ္စများကိုပါ အသေအချာစဉ်းစားတွက်ချက်ပြီးမှ ယင်းသို့ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အိုပက်အဖွဲ့သည် ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံတကာ ကြွေးမြီအခြေအနေတို့မှ အပြောင်းအလဲများက ကမ္ဘာ့ရေနံစိမ်းဝယ်လိုအားအပေါ် ရိုက်ခတ်လာမည့်အရေးများကိုလည်း အနီးကပ်အကဲခတ်လျက်ရှိကြသည်။ (အင်တာနက်)

# ရိက္ခာပြတ် ဆူဒန်ပြည်သူများထံအရောက် ရိက္ခာတန်ချိန် ၈၀၀၀ ကုလသမဂ္ဂပို့မည်



ဂျီနီဗာ ဇွန် ၁၆

ဆူဒန်နိုင်ငံ တောင်ကော်ဒိုဖန်ပြည်နယ်နှင့် ဘလူးနေးပြည်နယ်များမှ ရိက္ခာပြတ်နေသော ပြည်သူများထံသို့ လာမည့် ရက်သတ္တပတ်အတွင်း စားနပ်ရိက္ခာတန်ချိန် ၈၀၀၀ ပေးပို့မည်ဖြစ်ကြောင်း ကုလသမဂ္ဂဌာနချုပ်တွင် ကုလသမဂ္ဂအဖွဲ့က ကြေညာသည်။ (ဝဲပုံ)

## ကြေညာ

ဆူဒန်နိုင်ငံ၌ ရိက္ခာပြတ်လပ်နေသည့် သတင်းများကြောင့် မိမိတို့များစွာစိုးရိမ်နေရကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ မာတင်နက်ဆာကီက ဇွန် ၁၄ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကြေညာလိုက်သည်။

## ပြောကြား

ဆူဒန်နိုင်ငံမည်သည့်နေရာတွင်ရှိသည်ဖြစ်စေ လိုအပ်သောပြည်သူများထံအရောက် စားနပ်ရိက္ခာများ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ အခြားအဖွဲ့အစည်းများကိုလည်း တိုက်တွန်းကြောင်း ၎င်းက ပြောကြားသည်။ (အင်တာနက်)

# ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဧည့်သည်အဖွဲ့များ
# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဂျပန်နိုင်ငံအခြေစိုက် Marubeni Aerospace Corporation မှ Programme Manager Mr. Shoichi SATOH နှင့်အဖွဲ့သည် ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် အဆိုပါ ဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး ခေတ်မီသော ဆက်သွယ်ရေး နည်းပညာတစ်ရပ်ဖြစ်သည့် Satellite ဖြင့်လုပ်ငန်းများပူးပေါင်း ဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး အား ထိုင်းနိုင်ငံ Italian Thai Development Public Co.,Ltd. President , Mr. Premchai Kamasuta နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် လာရောက်တွေ့ဆုံပြီး လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်လိုသောကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီးဦးစိုးတင့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်၊ ရုံးအဖွဲ့မှူး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဂျပန်နိုင်ငံအခြေစိုက် Marubeni Aerospace Corporation မှ Programme Manager Mr. Shoichi SATOH နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ဘဝအမောပြေ

**အမှန်** — **အာကာဟိန်း-ရေးသားသည်**

**အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အမျိုးသားတစ်ဦးက မွေးနေ့ကိတ်အထူးရောင်းသောဆိုင်ကြီးတစ်ဆိုင်မှနေ၍ သူ၏ (၄၇) နှစ်မြောက် မွေးနေ့ကိတ်ကို ဝယ်ယူကာ အိမ်ပြန်လာစဉ် လမ်း၌တွေ့သမျှလူများအား သူ၏အသက် ဘယ်လောက်ရှိမည်ကို ခန့်မှန်းပြောဆိုစေကာ ပျော်ရွှင်လျက်ရှိသည်။**

**အမျိုးသား ။ ။ "ဟေး…ညီလေး…တစ်ဆိတ်လောက် မှန်းကြည့်စမ်းပါ … ကိုယ့်အသက် ဘယ်လောက်ရှိပြီထင်လဲ"**

လူငယ် ။ ။ ၃၀ လောက်လို့ထင်တယ်. . .

**အမျိုးသား ။ ။ ဟုတ်လား…ဝမ်းသာလိုက်တာ… "ဒီက အန်ကယ်ကရော ကျွန်တော့်အသက် ဘယ်လောက်ရှိပြီထင်ပါသလဲ"**

အန်ကယ် ။ ။ ၃၅ နှစ်ပေါ့ကွာ. . .

**အမျိုးသား ။ ။ ဟုတ်လား‥ငါတော်တော် နုပျိုနေသေးတာပဲ‥ "ဒါထက်‥ ဒီကအန်တီကြီးကရော…ကျွန်တော့်အသက် ဘယ်လောက်ရှိမယ် ခန့်မှန်းပါသလဲ"**

အန်တီကြီး ။ ။ ၃၂ နှစ်လောက်တော့ရှိမှာပေါ့. . .

**အမျိုးသား ။ ။ ဟေး‥ ငါဒီလောက်အထိနုပျိုနေသေးတာပဲ‥ "ဒီမှာ… မိန်းကလေး‥အစ်ကို့အသက် ဘယ်လောက်ရှိမယ်ထင်လဲ"**

မိန်းကလေး။ ။ အမှန်ပြောရင်. . . ဘယ်လောက်ပေးမလဲ. .

**အမျိုးသား ။ ။ ယုံကြည်မှုအပြည့်ဖြင့်…"မှန်ရင် ဒေါ်လာ ၁၀၀၀ ပေးမယ်"‥**

မိန်းကလေး။ ။ ရှင့်အသက်. . . ဒီနေ့ (၄၇) နှစ်ပြည့်ပြီ. . . မှန်တယ် မဟုတ်လား. . . ပေး ဒေါ်လာ ၁၀၀၀

**အမျိုးသား ။ ။ ဟင်…အေးပါ…ရော့ ဒေါ်လာ ၁၀၀၀…ဒါထက်ဘာဖြစ်လို့ ဒီလောက်တိကျအောင်ပြောနိုင်တာလဲ‥**

မိန်းကလေး။ ။ ကျွန်မက ရှင်ဝယ်ခဲ့တဲ့ ကိတ်မုန့်ရောင်းတဲ့ဆိုင်ကလေ. . .

**အမျိုးသား ။ ။ "ဟေ"**

**ဇွန် ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးထိန်လင်းသိန်းနှင့် ဝန်ထမ်းများက မိုးပွင့်အဆင့် (၃) စီမံချက်ဖြင့် ကြို့ကုန်းအနောက်ရပ်ကွက်၌ ရပ်ကွက်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။**

(မြန်မာ့အလင်း)



# ၂၀၁၂ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၆**

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၂၂ရက်တွင် ရန်ကုန်မြို့(၉)မိုင်ရှိ မြန်မာဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို တစ်ဦးချင်း အကျောပေးပြိုင်ပွဲ (၀ မှ ၁၈)နှင့် တစ်ဦးချင်း သက်ကြီးတန်းပြိုင်ပွဲ (အသက် ၅၅ နှစ်နှင့်အထက်၊ ၀ မှ ၂၄)ပြိုင်ပွဲဟူ၍ အတန်းနှစ်တန်းခွဲ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဇွန် ၂၀ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဖုန်း-၆၆၁၇၀၂၊ ၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄ နှင့် မြန်မာဂေါက်ကလပ်တို့၌ အမည်စာရင်းများ ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**မြင့်မောင်စိုး – စုစည်းသည်**



# လက်ထောက်နည်းပြ ဗီလန်နိုဗာ ဘာစီလိုနာနည်းပြဖြစ်လာပြီ

မက်ဒရစ် ဇွန် ၁၆

**တီတိုဗီလန်နိုဗာအား ဘာစီလိုနာအသင်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ၎င်းကလပ်က ဇွန် ၁၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။**

စပိန်ကလပ်ဘာစီလိုနာက တီတိုဗီလန်နိုဗာအား နှစ်နှစ်စာချုပ်သက်တမ်းဖြင့် စာချုပ်လိုက်ခြင်းဖြစ်သည်။အသက် ၄၂ နှစ်အရွယ်ရှိ ဗီလန်နိုဗာ **(ဝဲပုံ)** သည် ဘာစီလိုနာအသင်းကို လေးနှစ်ကြာ ကိုင်တွယ်ခဲ့သော ဂွာဒီယိုလာ၏နေရာတွင် ဆက်ခံမည့်သူဖြစ်လာသည်။

ဗီလန်နိုဗာသည် ဂွာဒီယိုလာ၏လက်ထောက်ဖြစ်ပြီး ၂၀၁၄ ခုနှစ် ဇွန်လအထိ ဘာစီလိုနာက နှစ်နှစ်စာချုပ်ဖြင့် ချုပ်ဆိုထားသည်။ ဂွာဒီယိုလာသည် ဘာစီလိုနာအသင်းကို လေးနှစ်ကြာကိုင်တွယ်ခဲ့စဉ်ကာလအတွင်း ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်နှင့် စပိန်လာလီဂါဖလားသုံးကြိမ် ဆွတ်ခူးပေးနိုင်ခဲ့သည်။

ဂွာဒီယိုလာကဲ့သို့ အောင်မြင်မှုများ ဆက်လက်ရရှိအောင် ကြိုးစားပေးသွားမည်ဖြစ်ကြောင်း နည်းပြသစ် ဗီလန်နိုဗာက စာချုပ်ချုပ်ဆိုအပြီး သတင်းထောက်များအား ထုတ်ဖော်ပြောကြားလိုက်သည်။ ၎င်းသည် နည်းပြဂွာဒီယိုလာ ၂၀၀၈ ခုနှစ် ဘာစီလိုနာနည်းပြဖြစ်လာချိန်မှစပြီး နိုဗာက ဘာစီလိုနာအသင်း၏ လက်ထောက်နည်းပြ ဖြစ်လာခဲ့သည်။ ထိုအရင်မတိုင်မီက ဗီလန်သည် ဘာစီလိုနာအသင်း (ခ)တွင် လက်ထောက်နည်းပြတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် နည်းပြသက်တမ်းတစ်လျှောက် ဘာစီလိုနာအသင်းနှင့်အတူ လက်တွဲလာခဲ့သူဖြစ်သည်။ **(အင်တာနက်)**



# ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ ပြင်သစ်က အိမ်ရှင်ယူကရိန်းကိုနိုင်

**ဒိုးနက် ဇွန် ၁၆**

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ဇွန် ၁၆ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(D)မှ ပြင်သစ်အသင်းက အိမ်ရှင်ယူကရိန်းအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိထားသည်။

**အကြိတ်အနယ်ယှဉ်ပြိုင်**

ပြင်သစ်အသင်းသည် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် အိမ်ရှင်ယူကရိန်းအသင်းကို အနိုင်ရလိုက်ခြင်းဖြစ်သည့် ပထမဆုံးသော ယူရို ၂၀၁၂ နိုင်ပွဲဖြစ်သည်။ နှစ်သင်းစလုံး မိုးထဲရေထဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရသည့် ပြိုင်ပွဲဖြစ်သည်။ **(ယာပုံ)**

ပြင်သစ်အသင်းအတွက် အဖွင့်ဂိုးကို ဒုတိယပိုင်းပြန်စပြီး ၁၀ မိနစ်အကြာ မီနက်ဇ်က ၁၂ ကိုက်အကွာမှတစ်ဆင့် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အသင်းအတွက် ဒုတိယအနိုင်ဂိုးကို ယိုဟန်းကာဗေးက ပွဲချိန် ၅၆ မိနစ်တွင် ဂိုးရေိယာ အစွန်အပြင်ဘက်မှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။



ယင်းဂိုးသည် နယူးကာဆယ်ကွင်းလယ်ကစားသမား ယိုဟမ်း၏ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲဂိုးဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ပဲရစ်စိန့်ဂျာမိန်းတောင်ပံကစားသမား မီနက်ဇ်သည် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ပြင်သစ်အသင်းသည် ယင်းပြိုင်ပွဲတွင် အနိုင်ရရှိလိုက်၍ အုပ်စု(D)တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ်လေးမှတ်ရရှိကာ အုပ်စုကို ဦးဆောင်လျက်ရှိသည်။ **(အင်တာနက်)**

# အင်္ဂလန်က ဆွီဒင်ကိုအနိုင်ကစား ကွာတားဖိုင်နယ် တက်နိုင်ခြေရှိ

*ကီယက်ဗ် ဇွန် ၁၆*

*ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ဇွန် ၁၆ ရက် နံနက်ပိုင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ အင်္ဂလန်အသင်းက ဆွီဒင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ **(အပေါ်ပုံ)***

*အင်္ဂလန်အသင်းအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး အင်ဒီကာရိုးလ်က ပွဲချိန် ၂၃ မိနစ်တွင် ခေါင်းတိုက်ဂိုးဖြင့် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းသည် ပထမပိုင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းပြန်စပြီး မကြာမီ ဆွီဒင်အသင်းက နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် အကြိတ်အနယ်ပြန်လည်ကြိုးစားကစားခဲ့ရသည်။*

*အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဒ်ဆင်သည် ဒုတိယပိုင်းတွင် ဝေါ့ကော့သ်ကိုထည့်ကစားပြီး အင်္ဂလန်အသင်း၏ တိုက်စစ်ပုံစံကို ပြောင်းကစားခဲ့သည်။ အာဆင်နယ်တိုက်စစ်မှူး ဝေါ့ကော့သ်သည် ပွဲချိန် ၆၄ မိနစ်တွင် အင်္ဂလန်အသင်းအတွက် ချေပဂိုးကို သွင်းယူကစားပေးနိုင်ခဲ့သည်။ အင်္ဂလန်ကစားသမားများ တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ ပွဲပြီးရန် ၁၂ မိနစ်အလိုတွင် တိုက်စစ်မှူး ဝဲလ်ဘက်က အင်္ဂလန်အသင်းအတွက် အနိုင်ဂိုးကို ခြေဖနောင့်ဖြင့် နောက်ပေါက်ဂိုးသွင်းယူပေးခဲ့သည်။*

*အင်္ဂလန်အသင်းသည် လာမည့် ဇွန် ၁၉ ရက်တွင် အိမ်ရှင်ယူကရိန်းအသင်းကို ဒိုးနက်မြို့၌ အနည်းဆုံးသရေကစားနိုင်ခဲ့လျှင် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။ လောလောဆယ် အုပ်စု(D) တွင် အင်္ဂလန်အသင်းသည် ပြင်သစ်အသင်းနှင့်အတူ ရမှတ် ၄ မှတ်စီရရှိထားသည်။ ယူကရိန်းက သုံးမှတ်သာ ရရှိထားသည်။ **(အင်တာနက်)***

■ *ကျောဖုံးမှ*

ပြည်သူလူထုတစ်ရပ်လုံး၏ လိုလားတောင့်တချက်ဖြစ်သည့် ဒီမိုကရေစီစနစ်နှင့်အညီ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်ဆိုသည့် မဏ္ဍိုင်ကြီး(၃)ရပ်ကို ဗဟိုပြုပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အဘက်ဘက်က ပြုပြင်ပြောင်းလဲမှုများနှင့် ဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အလားတူ လူမှုအဖွဲ့အစည်းနယ်ပယ်များဘက်မှလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိလာသည့်အတွက် မိမိတို့လိုလားရာ အကျိုးတူရာအချက်များကို အခြေခံပြီး သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအမျိုးမျိုးကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြကြောင်း။

**ဝမ်းမြောက်ဂုဏ်ယူ**

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် စာပေလောကမှာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီ အသင်းကြီး၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းများကို တိုတောင်းသည့်ကာလအတွင်းမှာ စနစ်တကျပြုစု ရေးဆွဲနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် အသင်းကြီးကို ဦးဆောင်ဦးရွက်ပြုမည့် ပုဂ္ဂိုလ်များအား လွတ်လပ်စွာ ရွေးချယ်ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ပထမအကြိမ်ညီလာခံ ကျင်းပနိုင်ခဲ့ခြင်းဖြစ်၍ အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ စာပေလောကနှင့်လောကသားများအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဖော်ဆောင်ပေးနိုင်မည့် အဖွဲ့အစည်းတစ်ခုအဖြစ် အနာဂတ်မှာ သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်းလည်း ကြိုတင်ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း။

စာနယ်ဇင်းသမားများသည် နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတစ်လျှောက်တွင် ကလောင်လက်နက်ကိုင်စွဲပြီး အမျိုးသားရေးစိတ်ဓာတ်နှင့် သမိုင်းတာဝန်ကျေပွန်ခဲ့သည့် နိုင်ငံ့သားကောင်းများအဖြစ် မော်ကွန်းမှတ်တမ်းတင်နိုင်ခဲ့ကြပြီးဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလအချို့တွင် ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲနှင့် အုပ်စုစွဲ စသည့် မြောက်မြားစွာသော ခံယူချက် ကွဲလွဲမှုများသည် မြန်မာ့စာပေသမိုင်းမှာ အထင်အရှား ဖြစ်ရှိခဲ့ပါကြောင်း၊ မည်သည့်လုပ်ငန်းမဆို ဤသို့သော အစွဲများနှင့် အစွန်းရောက် ရှုမြင်သုံးသပ်လုပ်ဆောင်ကြလျှင် ယင်းလောကဝန်းကျင်သည် အောင်မြင်တိုးတက်မှု မရှိနိုင်ရုံမက ပြိုကွဲကျဆုံးမှုအထိ ဖြစ်နိုင်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ယင်းကာလများတွင် စတုတ္ထမဏ္ဍိုင်သည် အမျိုးသားရေးကိုအခြေခံသော အင်အားတောင့်တင်းသည့် မဏ္ဍိုင်တစ်ခုအဖြစ် မရပ်တည်နိုင်ခဲ့သည်ကိုလည်း သင်ခန်းစာရခဲ့ကြပြီး ဖြစ်ကြောင်း။

ထို့ကြောင့် မျက်မှောက်မိမိတို့နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ကို တိုင်းပြည်နှင့် လူမျိုးအကျိုး၊ အမျိုးသားရေးအကျိုးအတွက် နှလုံးရည်ပြည့်ဝစွာဖြင့် ဆောင်ရွက်နိုင်သည့် မဏ္ဍိုင်တစ်ခုအဖြစ် ရပ်တည်နိုင်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင်လည်း ပြည်သူလူထု၏ အကျိုးပြု လက်ရုံးအားများအဖြစ် လက်တွေ့ပါဝင်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာနှင့် ပတ်သက်ပြီး ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်က သမ္မတကြီး ဦးသိန်းစိန်အနေနှင့် အစိုးရအဖွဲ့၏ မူဝါဒဆိုင်ရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ရာတွင် "စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းများရဲ့ အခန်းကဏ္ဍကို အလေးထားဖို့လိုကြောင်း၊ စာနယ်ဇင်းများကတစ်ဆင့် ပြည်သူတွေ သိသင့်တဲ့ အချက်များကို အသိပေးသွားဖို့လိုသလို စာနယ်ဇင်းများက အပြုသဘောဆောင် အကြံပြုချက်များကိုလည်း အလေးထားဖို့လိုကြောင်း" ပြောကြားသွားခဲ့ကြောင်း၊ ဤသည်မှာ မိမိနိုင်ငံတော်အစိုးရ၏ သတင်းမီဒီယာများအပေါ် ထားရှိသောရပ်တည်ချက်သဘောထားပင် ဖြစ်ကြောင်း။

ဤသည်နှင့် တစ်ဆက်တည်းမှာပင် မိမိအနေဖြင့် တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့်စာနယ်ဇင်းလောကသားများကို အမြဲတိုက်တွန်းနှိုးဆော်ခဲ့သော အချက်(၅)ချက်ကို ထပ်မံမှာကြားတိုက်တွန်းလိုပါကြောင်း၊ နံပါတ်(၁) အချက်မှာ- စာပေစာနယ်ဇင်းမဏ္ဍိုင်သည် ဘက်မလိုက်ဖို့လိုကြောင်း၊ နံပါတ် (၂) အချက်မှာ အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြသည့်အခါ ပြည်သူတွေအနေနှင့် မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်နိုင်ရန်အတွက်ရှုထောင့်တစ်ခုတည်းက မရေးဘဲနှင့် ဘက်စုံထောင့်စုံကနေပြီး ရေးသားဖော်ပြပေးရန်ဖြစ်ကြောင်း၊ နံပါတ်(၃) အချက်မှာ ယင်းသို့ရေးသားကြသည့် အခါတွင်လည်း လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားအမြတမ်း ယှဉ်တွဲကျင့်သုံးပြီး ရေးသားဖော်ဆောင်ပေးရန်ဖြစ်ပါကြောင်း၊ နံပါတ်(၄) အချက်မှာ ဒီမိုကရေစီခေတ်ဖြစ်သည်နှင့်အညီ မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်တွေးခေါ်ယူဆနိုင်ကြကြောင်း၊ ထင်မြင်နိုင်ကြကြောင်း၊ ကွဲပြားခွင့်လည်းရှိကြောင်း၊ သို့သော်လည်း ယင်းသို့ ကွဲပြားသည့်ကြားက တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက်ဆိုလျှင် Unity in Democracy ဆိုသည်ကို ဦးတည်သင့်သည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆပါကြောင်း၊ ထို့ကြောင့် Unity in Democracy ကိုလည်း ယင်းသို့ ဖော်ဆောင်နိုင်အောင် ကြိုးစားရန် တိုက်တွန်းလိုကြောင်း၊ နံပါတ်(၅)အချက်မှာကတော့ Unity in Democracy ကို ဖော်ဆောင်သည့်အခါတွင် Common Ground အဖြစ် အမျိုးသားရေးကို အခြေခံရန်ဖြစ်ကြောင်း၊ ဤသည်မှာ အနာဂတ်ဒီမိုကရေစီကို သွားကြသည့်အခါတွင် စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်အောင် ရှေးရှုဆောင်ရွက်သင့်သည့် အချက်များဖြစ်သည်ဟု အကြံပြုတိုက်တွန်းပြောကြားလိုကြောင်း။

**ထိန်းကျောင်းတည့်မတ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ အပိုဒ်ခွဲ (က)အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရရှိမှာ ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် သတင်းနှင့်စာနယ်ဇင်းဆရာများ၊ ဂျာနယ်လစ်များသည် ဥပဒေနှင့်အညီ လွတ်လပ်စွာရေးသား ပြောဆိုဖော်ထုတ်ခွင့် (Freedom of Expression) ကို ရရှိကြမှာဖြစ်ကြောင်း၊ ယင်းအခါတွင် စာနယ်ဇင်းသမားများနှင့် စာနယ်ဇင်းကျင့်ဝတ်ဟုခေါ်သည့် Code of Ethics များ၊ စည်းမျဉ်း စည်းကမ်းများကိုလည်း တိကျစွာ လိုက်နာစောင့်ထိန်းကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ လွတ်လပ်မှုကို ကျင့်သုံးရာတွင် ကျင့်ဝတ်ထိန်းသိမ်းခြင်း၊ ဆင်ခြင်တုံတရား သတိတရား ပေါင်းစပ်ခြင်းတို့နှင့်လည်း ထိန်းညှိပေးသွားကြရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ပဉ္စမမဏ္ဍိုင်ဖြစ်သည့် ပြည်သူများက ယုံကြည်အားကိုးသော၊ အားကိုးအားထားပြုထိုက်သော စာနယ်ဇင်းသမားများအဖြစ် ရပ်တည်နိုင်မှာ ဖြစ်သကဲ့သို့ တိုင်းပြည်၏ မဏ္ဍိုင်ကြီး (၃)ရပ်ကိုပါ မှန်ကန်စွာ ထိန်းကျောင်းတည့်မတ်ပေးနိုင်စွမ်းသည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်လာမှာဖြစ်ပါကြောင်း။

**ထိန်းသိမ်းဆောင်ရွက်**

ဤနေရာတွင် အလျဉ်းသင့်၍ ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်းက ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ် ဖြစ်စဉ်များအပေါ် မီဒီယာများမှ သတင်းထုတ်ပြန်မှုများနှင့်စပ်လျဉ်း၍ တစ်ဆက်တည်း ပြောကြားလိုပါကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် သတင်းစာများမှာ ယင်းရခိုင်ပြည်နယ် ဖြစ်စဉ် ဖြစ်ရပ်များနှင့် နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်မှု၊ ထိန်းသိမ်းကူညီ စောင့်ရှောက်မှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ပြည်နယ်ဒေသအာဏာပိုင်များထံဆက်သွယ်ပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းသို့ ထုတ်ပြန်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးက ဖြစ်စဉ်ဖြစ်ရပ်မှန်များကို အလုံးစုံ သိရှိနိုင်စေရန်အတွက် မကွယ်မဝှက် မခြွင်းမချန် ထုတ်ပြန်နိုင်ရန် သုံးသပ်ကြိုးစားရသကဲ့သို့ တစ်ဖက်တွင်လည်း ဖြစ်စဉ် ဖြစ်ရပ်များ ပိုမိုကြီးထွားကျယ်ပြန့်ခြင်း မရှိစေရန်လည်းကောင်း၊ ပြည်သူလူထုအကြား သို့လောသို့လော သံသယနှင့် အာဃာတများ ကြီးမားပြန့်ပွားခြင်း မရှိစေရန်လည်းကောင်း၊ ပြည်သူလူထု၏ စိတ်နှလုံးထိခိုက်ညှိုးနွမ်းခြင်း မရှိစေရန် လည်းကောင်း သုံးသပ်ထိန်းသိမ်းကာ မျှတစွာဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ မိမိယခုတင်ပြနေသည့်အချက်သည် တစ်နည်းအားဖြင့် မိမိပြောခဲ့သည့် စာနယ်ဇင်းများအတွက် စံ(၅)ချက်နှင့် အခြားသော နိုင်ငံတကာ စာနယ်ဇင်းကျင့်ဝတ်များကို လက်တွေ့လေးစားလိုက်နာကျင့်သုံးမှုပင်ဖြစ်ကြောင်း၊ သို့သော်လည်း အချို့သော အင်တာနက်သတင်းဖြန့်ချိမှုများနှင့် ပုံနှိပ်မီဒီယာ ရေးသားပုံနှိပ်ဖော်ပြမှုများသည် ယင်းစာနယ်ဇင်းကျင့်ဝတ်များ စည်းမျဉ်းစည်းကမ်းများကို လေးစားဂရုပြုလိုက်နာမှုမရှိဘဲ သတင်းလက်ဦးမှု ရယူလိုမှု၊ ဂုဏ်သတင်းကျော်စောလိုမှုနှင့် အမြတ်အစွန်းရလိုမှုတွေပေါ်မှာသာ အခြေခံဆောင်ရွက်ခဲ့ကြခြင်းကြောင့် စာနယ်ဇင်းလောက၏ ကျင့်ဝတ်ကို ထိပါးစေသည့်အပြင် အမုန်းတရား၊ အာဃာတတရားနှင့် လက်စားချေလိုမှုများကို တိုးပွားစေပြီး နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုကိုပါ ထိခိုက်ပျက်ပြားလာစေနိုင်ကြောင်း တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အနေဖြင့် ကြိုတင်ကာကွယ်ထိန်းသိမ်းရန်လိုအပ်ချက်အရ စာနယ်ဇင်းများ အနေဖြင့် စည်းမျဉ်း စည်းကမ်းနှင့် ကျင့်ဝတ်များကို လေးစားလိုက်နာကြရန် သတိပေးပြောကြားမှုများ ပြုလုပ်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနအနေဖြင့်လည်း သတိပေးအရေးယူမှုများ ပြောကြားပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ပြည်တွင်းစာနယ်ဇင်းမီဒီယာများသည် ရခိုင်ပြည်နယ်နှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ ဓာတ်ပုံများကို စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ မျှတစွာ ပုံနှိပ်ဖော်ပြလာကြသည်ကိုတွေ့ရသည့်အတွက် အမျိုးသားရေးကို ရှေးရှုပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသော စာနယ်ဇင်းအားလုံးကို ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုကြောင်း၊ အင်တာနက်မီဒီယာသမားများအနေဖြင့်လည်း တိုင်းပြည်နှင့် လူမျိုးအကျိုးကိုရှေးရှုပြီး ထိန်းသိမ်းဆောင်ရွက်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

တစ်ဆက်တည်းမှာပင် ပုံနှိပ်မီဒီယာကဏ္ဍနှင့်ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ခေတ်စနစ်နှင့်ကိုက်ညီအောင် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို အကျဉ်းချုံးရှင်းပြလိုကြောင်း၊ ပထမဆုံးအချက်မှာ ပုံနှိပ်မီဒီယာဥပဒေကြမ်းကိစ္စပင် ဖြစ်ကြောင်း၊ ယခုရေးဆွဲနေသည့် ဤပုံနှိပ်မီဒီယာဥပဒေသည် နိုင်ငံတကာစံနှုန်းများထက် မနိမ့်ကျသကဲ့သို့ စာပေနှင့် စာနယ်ဇင်းများကိုသော်လည်းကောင်း၊ စာပေလွတ်လပ်ခွင့်ကိုသော်လည်းကောင်း ဟန့်တားရန် ပိတ်ပင်ရန်မဟုတ်ဘဲ၊ သိက္ခာရှိသော၊ အရည်အချင်းရှိသော၊ စစ်မှန်သော စတုတ္ထမဏ္ဍိုင် ပေါ်ထွန်းလာစေရေးကိုသာ ဦးတည်ရည်ရွယ်ကြောင်း ပြောကြားလိုကြောင်း၊ ယခု ဤဥပဒေမူကြမ်းကို ရှေ့နေချုပ်ရုံးနှင့် နောက်ဆုံးညှိနှိုင်းခဲ့ပြီးဖြစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက် ရယူနိုင်တော့မည်ဖြစ်ကြောင်း၊ စာပေစိစစ်ရေးမူဝါဒများကို အဆင့်ဆင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် စတုတ္ထအဆင့်အထိ ရောက်ရှိခဲ့ပြီဖြစ်ပြီး ပုံနှိပ်မီဒီယာလောကမှာ သတ်မှတ်ထားသည့် စာပေအမျိုးအစား ၁၀ မျိုးအနက် ရှစ်မျိုးနှင့် ဝတ္ထုလုံးချင်းများအားလုံးကို ကြိုတင်တင်ပြရန်မလိုဘဲ လွတ်လပ်စွာ ထုတ်ဝေခွင့်ရရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်ပြီးတော့လည်း ဖြေလျှော့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း ဖြစ်ခြင်း ပျက်ခြင်း အကျိုးတရားများသည် အကြောင်းတရားမဲ့စွာဖြင့် ဖြစ်ပေါ်လေ့မရှိဘဲ အကြောင်းတရားအခြေခံ၍သာ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်းကို မိမိတို့အားလုံး သတိပြုကြရမည်ဖြစ်ကြောင်း။

တတိယအချက်အနေဖြင့် အမြဲတမ်းစာနယ်ဇင်းကောင်စီ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိအနေနှင့် စာပေလောကအတွင်းရှိပြီးစာပေအဖွဲ့အစည်းများ၊ ဖွဲ့စည်းရန်စိုင်းပြင်းနေကြသည့် စာနယ်ဇင်းအသင်းအဖွဲ့များနှင့်တွေ့ဆုံပြီး အမြဲတမ်းစာနယ်ဇင်းကောင်စီဖွဲ့စည်းနိုင်ရေးအတွက် အကြံဉာဏ်များ တောင်းခံခြင်း၊ ဖွဲ့စည်းရာမှာပါဝင်ရန်လည်း သင့်လျော်မည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းတောင်းခံခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းပြောကြားလိုကြောင်း။

ယခုအခါ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးသည် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများကို စနစ်တကျပြင်ဆင်ဖွဲ့စည်းပြီး ယခုကဲ့သို့ ပထမဆုံးအကြိမ်ညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ စာပေလောကတွင် အင်အားအများစုဖြစ်သည့် စာရေးဆရာများကို စုစည်းထားသော အသင်းကြီးဖြစ်သည့်အတွက် အသင်းကြီး ရေရှည်တည်တံ့ခိုင်မြဲရန် စာပေလောကမှာ ဂုဏ်သိက္ခာရှိသော အဖွဲ့အစည်းတစ်ခုအဖြစ် မားမားမတ်မတ်ရပ်တည်နိုင်ရန် စာရေးဆရာများ၏အကျိုး၊ စာပေလောက၏အကျိုး၊ တိုင်းပြည်နှင့်လူမျိုး၏အကျိုးကို သဟဇာတမျှတစွာ ထမ်းဆောင်နိုင်ပြီး ပြည်သူလူထုက ချစ်ခင်လေးစားအားကိုးသည့် အဖွဲ့အစည်းကြီးဖြစ်ရန်အတွက် ပါဝင်သော အသင်းသူအသင်းသား စာပေပညာရှင်များအားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု မိမိအနေနှင့် ယုံကြည်မျှော်လင့်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲဖွဲ့စည်းပြီးဖြစ်သည့် မြန်မာနိုင်ငံ စာရေးဆရာများအသင်းသည် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအသင်း၏ အမွေကိုဆက်ခံသည်နှင့်အညီ အသင်း၏အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တိုင်းပြည်နှင့် လူမျိုးအကျိုး၊ စာပေလောကနှင့် လောကသားများ အကျိုးများကို အမျိုးသားရေးအပေါ် အခြေခံကာ စွမ်းစွမ်းတမံကြိုးပမ်း ဆောင်ရွက်သွားကြပါ။

စစ်မှန်သော၊ အရည်အချင်းပြည့်ဝသော၊ သိက္ခာရှိသော စတုတ္ထမဏ္ဍိုင်ဖြစ်အောင် ကြိုးပမ်းအားထုတ်ရင်း ပြည်သူအပါအဝင် ကျန်တဲ့မဏ္ဍိုင်ကြီးသုံးခုကို ထိန်းကျောင်း တည့်မတ်ပေးကြပါ။

ဒီမိုကရေစီ နိုင်ငံတော်သစ်ထူထောင်ရာတွင် ကလောင်ကို ကိုင်စွဲပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ စံ(၅)ချက်အပါအဝင် စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ ကျရာအခန်းကဏ္ဍမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ပေးကြပါ။

ပြည်သူက လေးစားယုံကြည်အားကိုး တန်ဖိုးထားသော စာပေအဖွဲ့အစည်းကြီးအဖြစ် ပေါ်ပေါက်ရပ်တည်နိုင်အောင် ခိုင်မာသည့်မူဝါဒ၊ မှန်ကန်သော ရပ်တည်ချက်နှင့် လုပ်ငန်းစဉ်များကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**(သတင်းစဉ်)**

"မြန်မာအမျိုးသမီးများနေ့"
ဇူလိုင်လ (၃) ရက်

# အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ် အခမ်းအနား

## ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**နေပြည်တော် ဇွန် ၁၆**

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇွန် ၁၅ ရက် နံနက်ဈေးနာရီတွင် ပုသိမ်မြို့ မြန်မာနိုင်ငံဆရာဝန်များအသင်းခန်းမ၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ရောဝတီတိုင်းဒေသကြီး၏ ၂၀၁၂ ခုနှစ် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ အမှတ်(၅) ရပ်ကွက် အောင်သုခလမ်း၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ် လူထုလှုပ်ရှားမှုအဖြစ် ဖုံးသွပ်၊ လဲ၊ စစ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန် သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို လည်းကောင်း၊ အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူလေးများအား ၂၀၁၂ ခုနှစ် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောနေမှုနှင့် ခြင်ဆေးဖျန်းနေမှုတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ **(သတင်းစဉ်)**



**ဇွန် ၂ ရက်က မြောင်းမြမြို့နယ် ပုံ့ကျစျေးသည်များ၏ သားသမီးများအတွက် ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးမောင်တိုးက ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်စဉ်။**

(မြန်မာ့အလင်း)

**ပေးအပ်လှူဒါန်း**

**ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ရန်ကုန်မြို့ သုဝဏ္ဏ၊ ရွှေအင်ကြင်းရိပ်မွန်နေ ဦးခိုင်ထွေး-ဒေါ်သင်းသင်းခိုင် မိသားစု Asia Brave Trading Co.,Ltd. က အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက လက်ခံယူစဉ်။** (မြန်မာ့အလင်း)



# ပြည်သူလူထုက အသိအမှတ်ပြုလက်ခံလာသော ဌာန၏ဂုဏ်ရှိန်ကို ဆက်လက်တိုးမြှင့် နိုင်ငံ့ဝန်ထမ်းပီပီ တော်တည့်မှန်ကန်စွာ ပေးအပ်ထားသည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်



နေပြည်တော် ဇွန် ၁၆

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ထူးချွန်ဆုရ ဝန်ထမ်းများ၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နှစ်ပတ်လည်နေ့ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားအရည်အချင်းပြည့်မီသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် မိုးပွင့်စီမံချက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် မိုးပွင့် အဆင့်(၃)ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိုးပွင့်စီမံချက် စတင်ဆောင်ရွက်ချိန်မှ ယနေ့အထိ အိမ်ထောင်စုလူဦးရေစာရင်း သုံးသိန်းခန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀ သိန်းခန့်ကို ထုတ်ပေးနိုင်ခဲ့ကြောင်း၊ မိမိတို့က သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးရာတွင် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်ကုန်ကျစရိတ်များရောနှောတွက်ချက် ပြောဆိုမှုများကိုလည်း နားလည်သဘောပေါက်သည်အထိ ရှင်းလင်းချပြခဲ့ကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်၏စေတနာ၊ ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များအား အဖွဲ့အစည်းများက လျှော့ပေါ့ပေးမှု များပြားရှိနေကြောင်း၊ အထူးသဖြင့် ကရင်ပြည်နယ်အတွင်း တရားဝင်လူမှုရေးလုပ်ငန်းများဆောင်ရွက်နေသည့် နော်ဝေနိုင်ငံအခြေစိုက် NRC က မိမိတို့၏လုပ်ဆောင်ချက်များအပေါ် အစိုးရ၏ ထင်သာမြင်သာရှိသော လှုပ်ရှားမှုတစ်ခုအဖြစ် အသိအမှတ် ပြု၍ တိုက်ရိုက်အကျိုးရှိသဖြင့် ကရင်ပြည်နယ်တစ်ခုလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများအား တစ်ဦးချင်းအတွက် လုပ်ငန်းစဉ်တစ်ခုလုံး၏ ကုန်ကျစရိတ်များကို လှူဒါန်းလိုကြောင်း တင်ပြညှိနှိုင်းလာမှုအရ မိမိဝန်ထမ်းများနှင့်ပူးပေါင်း၍ ကရင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကို One Stop Service ဖြင့်အခမဲ့ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့အနေဖြင့် နိုင်ငံအတွင်း ဝင်ရောက်လာသည့် ပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ဝင်/ထွက် သွားလာမှု အဆင်ပြေချောမွေ့စေရန် ဆိုက်ရောက်ဗီဇာ (Visa On Arrival) ကို ဇွန် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ကမ္ဘာတစ်ဝန်းကျေနပ်ထောက်ခံမှုများ ရရှိနေပြီဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် Man of the Year ဟုခေါ်သည့် နှစ်တစ်နှစ်၏ အကောင်းဆုံးဝန်ထမ်းဆုကို ချီးမြှင့်သွားမည်ဖြစ်ပြီး လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ဆုများကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ငွေကြေးပမာဏထက် အသိအမှတ်ပြုချီးကျူးခံရခြင်းဆိုသည့် ဂုဏ်ဒြပ်တစ်ရပ်ကို အလေးထားဂုဏ်ယူတတ်ရန် လိုအပ်ပါကြောင်း၊ မိမိဌာန၏ဆောင်ပုဒ်ဖြစ်သော မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုးမှ လူမျိုးပြုတ်မည်ဆိုသည့်အတိုင်း မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံ၍ ပြည်သူလူထုက အသိအမှတ်ပြုလက်ခံလာသော ဌာန၏ဂုဏ်ရှိန်ကို ဆက်လက်တိုးမြှင့်ကြရေး၊ နိုင်ငံ့ဝန်ထမ်းပီပီ တော်တည့်မှန်ကန်စွာ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရေး၊ တိုးတက်လာသောခေတ်ရေစီးကြောင်းနှင့်အညီ အသိပညာ၊ အတတ်ပညာများ ကြိုးစားလေ့လာဆည်းပူး၍ ပြည်သူ့အကျိုးထမ်းဆောင်ကြရေး တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဌာနအလိုက် ပညာသင်ထောက်ပံ့ကြေးများ၊ မိသားစုဝင်သားသမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ သင်တန်းအသီးသီးတွင် ဆုရရှိကြသူများ၊ ဌာနတွင်း လုပ်ငန်းဆိုင်ရာ ထူးချွန်သူများအား ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်ခင်မေစိုးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဌာနဆိုင်ရာဂုဏ်ပြုဆုရရှိကြသူများနှင့် Man of the Year ဒုတိယနှင့် တတိယရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိုးပွင့်စီမံချက်များတွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးအား မိုးပွင့်သူရဲကောင်းဆုကိုလည်းကောင်း၊ တစ်နှစ်တာအတွင်း စံပြဝန်ထမ်း Man of the Year ဆုရရှိကြသည့် ဝန်ကြီးရုံး၊ ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုနှင့် တစ်ဆင့်မြှင့်ရာထူး အဆင့်တံဆိပ် တပ်ဆင်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဦးချန်မောင်နှင့် ဒုတိယဝန်ကြီး ဦးကျော်လွင် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်တို့သည် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမှတစ်ဆင့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်း မိုင်တိုင် အမှတ်(၁၄/၆)အနီးရှိ မြို့ချောင်းစခန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး အထူးစီမံကိန်းကြီးအဖွဲ့(၁)မှ အင်ဂျင်နီယာမှူးကြီး ဦးကြည်ဇော်မြင့်နှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ လမ်းလုပ်ငန်းများ လိုက်လံကြည့်ရှုမည့်အစီအစဉ်နှင့် မူဝါဒလမ်းစဉ်များကို ရှင်းလင်းပြောကြားကြသည်။ **(အောက်ဝဲပုံ)**





**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် မိုင်တိုင်အမှတ်(၄၂/၄)အထိ လမ်းအခြေအနေများ၊ မိုင်တိုင်အမှတ်(၄၂/၄)အနီး၌ ထုအခြေခံလွှာခင်းကြိတ်ထားရှိမှုနှင့် ကျောက်စီထားရှိမှု၊ မိုင်တိုင်အမှတ် (၁၆/၆)နှင့် (၁၆/၇)အကြားတွင် ရေတိုက်စား၍ လမ်းသားပဲ့ကျနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဒုတိယဝန်ကြီးများသည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်-ပြည်လမ်းမှတစ်ဆင့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်း မိုင်တိုင်အမှတ်(၅၆/၂)အထိ လမ်းတစ်လျှောက် လမ်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ မိုင်တိုင်အမှတ်(၆၃/၀)အနီးရှိ ခါချဉ်တောင်အဆင်းလမ်းနှင့် အတက်အဆင်း မတ်စောက်သော အပိုင်းများအား ဖြေလျှော့ထားရှိမှုနှင့် မိုင်တိုင်အမှတ် (၅၆/၂)အနီးရှိ သပြုချောင်းတံတား တည်ဆောက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်အမှတ် (၈၁/၄)အနီးရှိ စိန်ကန့်လန့်စခန်း ရှင်းလင်းဆောင်၌ စစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အသုံးချအဘိဓမ္မာ(အင်္ဂလိပ်ဘာသာ) မဟာသန္တိသုခကျောင်း၌ သင်တန်းများဖွင့်မည်

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်မြို့၊ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ သင်တန်းမှူးဆရာတော် ဘဒ္ဒန္တဇနိတ (အဂ္ဂမဟာပဏ္ဍိတ) ကြီးကြပ်၍ ဆုလာဘ်ပြည့်ဗုဒ္ဓဝိဟာရဆရာတော် ဘဒ္ဒန္တ ဒေါက်တာ အာစိဏ္ဏ (ဂန္ထဝါစကပဏ္ဍိတ)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်နှင့်ဆရာမများက Abhidhamma (English) Level-I,II သင်တန်းများကို ဇွန် ၂၃ ရက်မှစ၍ နံနက် ၈ နာရီမှ ၉ နာရီခွဲအထိ အင်္ဂလိပ်ဘာသာဖြင့် ဓမ္မဒါနပို့ချပေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်သင်ယူနိုင်ကြကြောင်း သိရှိရသည်။ **(မထား)**



ဇွန် ၁၂ ရက်က မော်ဘီမြို့နယ်၌ ပျံကျဈေးသည်များ၏ သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံပေးအပ်ပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ကျင်းပရာ အဖွဲ့အမှုဆောင်အရာရှိ ဦးရဲမင်းကျော်က ကျောင်းဝတ်စုံများ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

**ဂျာမနီနိုင်ငံ Hanns Seidel Stiytung ၏ ဖိတ်ကြားချက်အရ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင်ကျင်းပမည့် ဥရောပသမဂ္ဂ Think -tank ၏ ASEAN AT 45 Regional hopes, Global Clout ကွန်ဖရင့်သို့ တက်ရောက်ရန် မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်း ဇွန် ၁၅ ရက်က လေကြောင်းခရီးဖြင့် မထွက်ခွာမီ ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။** (မြန်မာ့အလင်း)



## အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ဓာတ်အားစနစ်အတွင်းရှိ ဓာတ်အားပေးစက်များအနက် တပ်ဆင်အင်အားအကြီးဆုံးဖြစ်သော ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်များမှ ဓာတ်အားစတင်ပို့လွှတ်မှု စမ်းသပ်ခြင်းလုပ်ငန်းကို ၁၇ -၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်းဆောင်ရွက်မည်ဖြစ်သည့်အတွက် အောက်ဖော်ပြပါ ပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးထားသောနေရာဒေသများတွင် ခေတ္တဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၁။ ရွှေမြို့ ပင်မဓာတ်အားခွဲရုံ(နေပြည်တော်)
၂။ သာစည် ပင်မဓာတ်အားခွဲရုံ(မန္တလေးတိုင်းဒေသကြီး)
၃။ မြင်းခြံ ပင်မဓာတ်အားခွဲရုံ (မန္တလေးတိုင်းဒေသကြီး)
၄။ မြောက်ပြင် ပင်မဓာတ်အားခွဲရုံ(မန္တလေးတိုင်းဒေသကြီး)
၅။ အင်းကုန်း ပင်မဓာတ်အားခွဲရုံ(မန္တလေးတိုင်းဒေသကြီး)

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**



**ကွင်းဆင်းဆောင်ရွက်**

ဇွန် ၉ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လှိုင်မြို့နယ် ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ပြည်သူများအား မိုးပွင့်အဆင့် (၃) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (၁၂၂)

## မြန်မာ့ရုပ်မြင်သံကြား

၁၇-၆-၂၀၁၂ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၀ | နံနက်ခင်းသတင်း |
| ၇း၄၀ | အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်) |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၁၁း၀၀ | စစ်သည်တေး |
| ၁၂း၅၀ | မြန်မာရုပ်ရှင် **တိုးတိုးလေးချစ်မယ်** ရန်အောင်၊ မို့မို့မြင့်အောင်၊ မေ့စ်၊ မိုးဒီ (ဒါရိုက်တာ-မောင်နန္ဒ) |

**ညပိုင်း**

| | |
|---|---|
| ၄း၃၀ | **ငါးရစ်မျိုးငါး ဒို့မစား** |
| ၄း၄၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၁၅ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၄၄) |
| ၈း၀၀ | ပြည်တွင်းသတင်း<br>- နိုင်ငံတကာသတင်းများ<br>- မိုးလေဝသအခြေအနေ |

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၆

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့်တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၅ ရက်က စစ်တွေမြို့ ကန်တော်ကြီးရပ်ကွက်ရှိ ဇေယျာသိဒ္ဓိအဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်း၊ ကုန်းတန်းရပ်ကွက်ရှိ ရွှေစေတီပရဟိတဘုန်းတော်ကြီး ပညာရေးကျောင်း၊ လမ်းမတော် (တောင်)ရပ်ကွက်ရှိ ဦးရဲကျော်သူ (သံကျောင်း)ဘုန်းတော်ကြီးကျောင်း၊ ပြည်တော်သာရပ်ကွက်ရှိ ဆုတောင်းပြည့်ဘုန်းတော်ကြီးကျောင်းနှင့် ဗုဒ္ဓါမော်ဘုန်းတော်ကြီးကျောင်းများတွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်း ကယ်ဆယ်ရေးစခန်းများ၌ လှည့်လည်ကုသ

နေပြည်တော် ဇွန် ၁၆

**စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် စစ်တွေမြို့ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေကြသူများ၏ ကျန်းမာရေး အခြေအနေများကို ဇွန် ၁၅ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လှည့်လည်စစ်ဆေးကုသပေးကြသည်။** (ယာပုံ)

အဆိုပါ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲတွင် စစ်တွေမြို့ ဇေယျာသိဒ္ဓိ အဓိဋ္ဌာန်ကျောင်းရှိ ကယ်ဆယ်ရေးစခန်း၌ ဒေသခံတိုင်းရင်းသားများနှင့် အဓိဋ္ဌာန်ကျောင်းနှင့်ပတ်ဝန်းကျင်ရှိ ကျောင်းများမှ ရဟန်းသံဃာများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးကြပြီး ဖျားနာမှုမရှိရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားရေးအတွက် ကျန်းမာရေးပညာပေး ဟောပြောကြကာ ကျန်းမာရေးလက်ကမ်းစာစောင်များ ဝေငှသည်။

ထို့နောက် ဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းရှိ ဒေသခံတိုင်းရင်းသားများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ်တာဝန်ခံ ဦးမောင်ဦးက ငွေကျပ် သိန်း ၃၀၀ ကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



❖ *ကျောဖုံးမှ*

ငွေကျပ် ငါးသိန်း၊ ဦးထွန်းကြည်-ဒေါ်နီနီသန်း မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးတင်စိန်-ဒေါ်ချောစု (ဒေါင်းယာဉ်ပျံစက်မှုလုပ်ငန်း) က ငွေကျပ်တစ်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးခင်မောင်ဌေး-ဒေါ်နွဲ့နွဲ့ မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါက်တာစိုးသိန်း မိသားစုက ငွေကျပ်တစ်သိန်းနှင့် လူသုံးကုန်ပစ္စည်းများ၊ ဦးကျော်လင်းသိန်း-ဒေါ်နွယ်နွယ်ဝင်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစန်းဝင်း-ဒေါ်မြမိုးသန့် (ကမ္ဘာလုံးသက်န်းတိုက်) မိသားစုက ငွေကျပ်တစ်သိန်းနှင့် ခေါင်းအုံးများ၊ ဦးခင်မောင်ဝင်း-ဒေါ်ကြည်ကြည်ဝင်း မိသားစုက ငွေကျပ်ငါးသောင်း၊ ဒေါ်နန်းခင်လတ်မိသားစု (ပုလဲကွန်ဒို)က ငွေကျပ်ငါးသောင်းနှင့် အဝတ်အထည်များ၊ အရှင်ခေမာစာရ (မြရာကုန်းကျောင်းတိုက်)က ငွေကျပ်သုံးသောင်းနှင့် သင်္ကန်းများ၊ မမေစံပယ်ဖြူက စားသောက်ကုန်နှင့် အဝတ်အထည်များ၊ ဟိန်းဇော်ထွန်းက ငွေကျပ်ငါးထောင်နှင့် သင်္ဃန်းကျွန်းမြို့နယ် စေတနာရှင်အဖွဲ့က ငွေကျပ်သုံးဆယ့်နှစ်သိန်း ခြောက်သောင်းသုံးထောင်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ ယနေ့အထိ လှူဒါန်းငွေရရှိမှုမှာ ၁၁၀၉၃၈၃၇၅ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများအတွက် အလှူရှင်များက ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# မောင်တောမြို့နယ်အတွင်း ဆူပူအကြမ်းဖက်သူများအား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၆

ရခိုင်ပြည်နယ်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲနှင့် ဒေသခံများ ဝိုင်းဝန်းပူးပေါင်းလုံခြုံရေးဆောင်ရွက်မှုကြောင့် မောင်တောမြို့အပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ဇွန် ၁၃ ရက်မှစ၍ အေးချမ်းတည်ငြိမ်လျက်ရှိသည်။ ထိုသို့ အေးချမ်းတည်ငြိမ်မှုအား ဆက်လက်ထိန်းသိမ်းရန် လုံခြုံရေးအဖွဲ့များသည် ဒေသခံများနှင့် ဝိုင်းဝန်းလက်တွဲ၍ နေ့/ညမပြတ် လုံခြုံရေးလှည့်ကင်းများဆောင်ရွက်ခဲ့ရာ ဇွန် ၁၅ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မောင်တောမြို့နယ် ချိန်ခါလီကျေးရွာသို့ ရောက်ရှိစဉ် မသင်္ကာဖွယ် တုတ်၊ ဓားများကိုင်ဆောင်၍ စုရုံးလျက်ရှိသည့် အကြမ်းဖက်သမား ၃၀ ဦး တွေ့ရှိ၍ လူစုခွဲရန်ဆောင်ရွက်စဉ် အဖွဲ့ခွဲ၍ ထွက်ပြေးသွားကြသည်။

ထွက်ပြေးသွားသည့် အကြမ်းဖက်သမားများနောက်သို့ လုံခြုံရေးအဖွဲ့များက အဖွဲ့ခွဲ၍ ရွာနှင့်ပတ်ဝန်းကျင်အနီး ဝိုင်းပတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမား ၂၂ ဦးတို့အား ၎င်းတို့အသုံးပြုသော အသံပေးကျွဲချို တစ်ချောင်း၊ လေးပေ အရှည် ငါးမူးလုံးသံချောင်း(ထိပ်ချွန်ပြီး)ခုနစ်ချောင်း၊ အရှည် တစ်ပေခန့်ရှိ ဓားချွန် တစ်ချောင်း၊ သုံးပေခန့်ရှိ သစ်သားချောင်း ၁၀ ချောင်း၊ လေးပေအရှည် သံဆူး (ထိပ်ချွန်) နှစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိတရားခံများအား သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့လွှဲပြောင်း၍ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* *ရှေ့ဖုံးမှ*

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပျက်ခဲ့မှုများ တည်ငြိမ်မှုရရှိနေပြီဖြစ်ကြောင်း၊ ယခုအခါ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် ပံ့ပိုးထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းကြသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်သူ ပြည်နယ်သားများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းကြရာ ပြည်သူ့လွှတ်တော် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးမောင်ဦးက ငွေကျပ်သိန်း ၃၀၀၊ မောင်တောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်းက ငွေကျပ်သိန်း ၁၁၁၀၊ မောင်တော မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းက ငွေကျပ်သိန်း ၅၀၀၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်က ငွေကျပ်သိန်း ၁၀၀၊ စစ်တွေမြို့ စေတနာရှင် မွတ်စ်လင်(မ်)ကုန်သည်များအဖွဲ့ ကုမ္ပဏီ ၁၂ခုက ငွေကျပ်သိန်း ၁၀၀၀၊ ရွှေမြန်မာရင်းနှီးမြှုပ်နှံရေးနှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီက ငွေကျပ် သိန်း ၁၀၀ ၊ ရိုးမအားမာန် ကုမ္ပဏီက ငွေကျပ်သိန်း ၅၀နှင့် စိုးရတနာ ကျောက်မျက်ကုမ္ပဏီက ငွေကျပ် ၁၀ သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦးက အလှူငွေများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ အလှူရှင်များကိုယ်စား ရှင်းလင်းပြောကြားပြီး ပြည်နယ်အစိုးရ ဘဏ္ဍာငွေ ထိန်းသိမ်းရေးနှင့် အလှူငွေလက်ခံရေးလုပ်ငန်း ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးစိုးအေးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း အကြမ်းဖက်သမားများက လူနေအိမ်များမီးရှို့ဖျက်ဆီးခြင်းအား နယ်မြေခံတပ်မတော်သားများဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့

နေပြည်တော် ဇွန် ၁၆

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ၌ ဇွန် ၁၅ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် လူနေထိုင်ခြင်းမရှိသည့် တဲအိမ် ၁၂လုံး မီးရှို့ခံရမှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်အားစိစစ်ရာတွင် အကြမ်းဖက်သမားအချို့သည် ကျေးရွာအစွန်ပိုင်း လူနေခြင်းမရှိသည့် သက်ငယ်မိုးတဲအိမ်များအား မီးကွင်းပစ်၍ ထွက်ပြေးသွားကြောင်း သတင်းရလျှင်ရချင်း အနီးဝန်းကျင်ရှိ လုံခြုံရေးတပ်ဖွဲ့များ အချိန်မီရောက်ရှိ မီးငြိမ်းသတ်သဖြင့် လူနေအိမ် ၂၀၀အနက် ၁၂လုံးသာ မီးလောင်ကျွမ်းခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အလစ်ဝင်ရောက် မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဒေသအာဏာပိုင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆူပူအကြမ်းဖက်မှုကို မလိုလားသောပြည်သူများ ပူးပေါင်း၍ အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ နယ်မြေခံတပ်ဖွဲ့များမှ တပ်မတော်အရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲ ၂ နာရီတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ရင်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား(၄၆၀)ကျော်သည် စစ်တွေမြို့ စက်ရုံစုရပ်ကွက်၌ စက်ရုံစုဈေး မီးလောင်ပျက်စီးမှုများကို ရှင်းလင်းဖယ်ရှားကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ပျက်စီးပျောက်ဆုံးရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးကျော်သိန်းနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးကြသည်။

တိုင်းမှူးသည် မွန်းလွဲပိုင်းကလည်း ရန်ကုန်မြို့မှ ရောက်ရှိလာသည့် ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ တည်းခိုရာ အဆောင်များသို့ သွားရောက်၍ နေထိုင်စားသောက်မှုများကိုကြည့်ရှုပြီး လိုအပ်သည်များ စီစဉ်ပေးခဲ့သည်။

**လာရောက်ပေးအပ်**

စက်ရုံစုဈေး မီးလောင်ပြင် အပျက်အစီးများအား ရှင်းလင်းသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက အချိုရည်နှင့် သောက်ရေသန့်များ လာရောက်ပေးအပ်အားပေးခဲ့ကြသည်။ **(သတင်းစဉ်)**



**စစ်တွေမြို့ စက်ရုံစုရပ်ကွက်၌ စက်ရုံစုဈေးမီးလောင်ပျက်စီးမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်းဖယ်ရှားစဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း မှုခင်းသတင်း**

# တောင်ငူ-ညောင်လေးပင်ခရီးသည်တင်ကား လမ်းချော်ပြီး အရှိန်မထိန်းနိုင်၍ တိမ်းမှောက်

ဖြူး ဇွန် ၁၆

ဇွန် ၁၅ ရက် နံနက် ၈နာရီခွဲတွင် ဖြူးမြို့နယ်ဆားဇွန်းရွာအနီး ရန်ကုန်-မန္တလေးပုံမှန်လမ်း မိုင်တိုင်အမှတ် ၁၄၄/၅ နှင့် ၁၄၄/၆ကြား၌ တောင်ငူမှ ညောင်လေးပင်သို့ခရီးသည်များတင်ဆောင်လာသည့် ကေတုခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ ယာဉ်မောင်း မင်းမင်းဦး (၃၂ နှစ်) ဓမ္မစေတီလမ်း ဈေးရပ်ကွက် အုတ်တွင်းမြို့နေသူ မောင်းနှင်သည့် ၄ခ/. . . တိုယိုတာ ဟိုင်းလပ်အဖြူရောင်ယာဉ်သည် လမ်းချော်ပြီးအရှိန်မထိန်းနိုင်သဖြင့် လမ်းအရှေ့ဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်သွားသည်။

ယာဉ်ပေါ်ပါရှိသည့် ခရီးသည် ဒေါ်ဖြူဖြူစန်း (၅၀ နှစ်) ကြက်သွန်ခင်း (၁)လမ်း အုတ်တွင်းမြို့နေသူ၏ နဖူးထိပ်နှင့် ဦးခေါင်းထိပ် ပေါက်ပြဲဒဏ်ရာ (စိုးရိမ်ရ)၊ ဦးကျော်စိုးဦး (၄၃ နှစ်) လယ်လုပ် ရွှေတိုက်ခင်ရွာ ဖြူးမြို့နယ်နေသူမှာ မျက်လုံးနှင့် နဖူးတို့တွင် ညိုမည်းဒဏ်ရာနှင့် ရင်ဘတ်အောင့်ဒဏ်ရာ(စိုးရိမ်ရ)ရရှိသဖြင့် ဖြူးဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။

**အရေးယူ**

ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအား ဖြူးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၁၁၃)

17-6 (08).pmd 1 6/17/2012, 2:44 AM

● ရှေ့ဖုံးမှ

ရှေးဦးစွာ ကြိမ်ချောင်းကျေးရွာ အထက်တန်းကျောင်း၌ ကြိမ်ချောင်း၊ ရန်အောင်မြင်၊ မြဝတီ၊ ရေမျက်တောင်၊ လောင်းဒုံကျေးရွာများမှ ဒေသခံ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ကြိမ်ချောင်းကျေးရွာမှ ဘင်္ဂါလီ ကိုယ်စားလှယ်များအား တွေ့ဆုံ၍ ၎င်းတို့တွေ့ကြုံရသည့် အခြေအနေများနှင့်လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြစေပြီး ပြည်ထောင်စုဝန်ကြီးက ယခုကျေးရွာများတွင် မည်သည့်ပြဿနာမှမရှိကြောင်းသိရ၍ ဝမ်းမြောက်ပါကြောင်း၊ ယခုကဲ့သို့ ကြိမ်ချောင်းတိုက်နယ်အတွင်းရှိ တိုင်းရင်းသားကျေးရွာများနှင့် ဘင်္ဂါလီကျေးရွာများအကြား တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများမှသက်ဆိုင်ရာရဲတပ်ဖွဲ့နှင့် နယ်မြေမှူးများ၏ အကူအညီကိုရယူ၍ တည်ငြိမ်အေးချမ်းသာယာမှုကို အတူနေညီရင်းအစ်ကိုများကဲ့သို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်ကို အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း၊ ကြားသိရသောသတင်းများအရ အချို့မသိနားမလည်မှုကြောင့် ရန်လိုသည့် အားထုတ်မှုများရှိခဲ့သည်ကို သိရပါကြောင်း၊ ပထမအနေဖြင့် ကြိမ်ချောင်းတိုက်နယ်အတွင်း တည်ငြိမ်အေးချမ်းအောင် ထိန်းသိမ်းရေး၊ ဒုတိယအနေဖြင့် မောင်တောမြောက်ခြမ်းတစ်ခုလုံး တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းရန်လိုပါကြောင်း၊ ကြိမ်ချောင်းမှ အစ္စလာမ်ဘာသာရေး ဆရာတစ်ဦးတင်ပြသည့်အတိုင်း အဝေးက ပြဿနာကူးစက်သယ်ယူလာမှုအား လက်မခံဘဲ အေးချမ်းတည်ငြိမ်ခြင်းသည် အကောင်းဆုံး ဖြစ်ကြောင်းဆိုသည့် သဘောထားခံယူချက်သည် မှန်ကန်သင့်မြတ်ပါကြောင်း၊ လူသားများအားလုံးတူညီကြသည်မှာ အသက်ရှင်နေထိုင်ရေးအတွက် လုပ်ကိုင်ကြိုးစားနေရခြင်း ဖြစ်ပါကြောင်း၊ လူမျိုးဘာသာအယူဝါဒမည်မျှပင် ကွဲပြားစေကာမူ လူလူချင်းတူညီခြင်းသည်သာ ပကတိအမှန်တရားပင်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် တရားမျှတအောင် လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ မှားယွင်းစွာပြုသူများကို မည်သည့်ဘာသာ၊ မည်သည့်လူမျိုး ဖြစ်စေလက်မခံဘဲ ကျောသား ရင်သား၊ မျက်နှာစိမ်း မျက်နှာကျက်၊ ကြီးသည်ငယ်သည် မခွဲခြားဘဲ တန်းတူ ညီတူ အပြစ်ပေးမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးသောအခွင့်အရေးကို အပြည့်အဝယူရန်၊ ဥပဒေကို အတိအကျလိုက်နာရန်မှာကြား၍ ကြိမ်ချောင်းကျေးရွာအတွင်း ဒေသခံတိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများ၏ နေအိမ်များသို့ လှည့်လည်ကြည့်ရှုပြီး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများကို ကျေးရွာသူ/ ကျေးရွာသားများအား မှာကြားခဲ့သည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများနေထိုင်သည့် ရန်အောင်မြင်ကျေးရွာမှ မြို့တိုင်းရင်းသားလူမျိုးများ၊ သက်ကိုင်ညာကျေးရွာမှ သက်လူမျိုးများ၊ ရေနောက်ငါးသားကျေးရွာမှ ဒိုင်းနက်လူမျိုးများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို တွေ့ဆုံမေးမြန်းသည်။ ထို့နောက် ခမောင်းဆိပ်ကျေးရွာ အထက်တန်းကျောင်းခွဲ၌ မြဝတီ၊ မင်းခမောင်း၊ လေးမြို့ကေတီ၊ နန်းရာကိုင်း၊ ရေနောက်ငါးသား၊ မင်္ဂလာညွန့်၊ သမန်းသား၊ သက်ညာကိုင်၊ ခမောင်းဆိပ်ကျေးရွာများတွင် ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များနှင့် အစ္စလာမ်ဘာသာဝင်ကိုယ်စားလှယ် ၁၈၀ ဦးတို့နှင့်တွေ့ဆုံ၍ ယခုကဲ့သို့ ဤအခြေအနေအထိ ရောက်ရှိလာခဲ့ရသည့် ရည်ရွယ်ချက်မှာ နယ်မြေတည်ငြိမ်အေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိဘဲ မဖွံ့ဖြိုးနိုင်ကြောင်း၊ သမိုင်းကြောင်းအရ လွတ်လပ်ရေးရပြီးကတည်းက ဝါဒကွဲ၊ လူမျိုးစွဲများရှိခဲ့၍ ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရကာ တည်ငြိမ်အေးချမ်းမှုမရှိခဲ့သဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ခဲ့ရကြောင်း၊ ယနေ့ ကျန်ရှိသည့် လက်နက်ကိုင်အဖွဲ့အစည်း ၁၁ ဖွဲ့တွင် ၁၀ ဖွဲ့မှာ ငြိမ်းချမ်းရေးအတွက် သဘောတူညီမှုများရရှိပြီး ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း၊ ယခု ရခိုင်ပြည်နယ်တွင် ပြည်သူအချင်းချင်း တစ်ဦးနှင့်တစ်ဦး မီးရှို့ဖျက်ဆီးနေသည်မှာ မကောင်းပါကြောင်း၊ ယင်းသို့မဖြစ်အောင် ကာကွယ်တားဆီးနေပါကြောင်း၊ တရားဥပဒေမဲ့ ဖြစ်နေသည်ကို လက်ခံ၍မရနိုင်ပါကြောင်း၊ တရားဥပဒေနှင့်အညီ ပြစ်မှုကြီးငယ်အလိုက် ဖော်ထုတ်အရေးယူသွားပြီး တည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံး တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ အချိန်ကြာသည်နှင့်အမျှ အပြစ်မဲ့သည့်လူများစုများ ဒုက္ခခံစားရမည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာဆန်းစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့လုပ်ပေးရန် တာဝန်ရှိသကဲ့သို့ စိတ်ရင်းစေတနာလည်းရှိပါကြောင်း၊ အပြုသဘောဆောင်သည့်ဘက်သို့ လျှောက်လှမ်းသွားကြရန် မှာကြားလိုပါကြောင်း ပြောကြားရာ ကျေးရွာကိုယ်စားလှယ်များက ကျောင်းဖွင့်ချိန်နှင့် လယ်လုပ်ချိန်တွင် ယခုကဲ့သို့ဖြစ်ရခြင်းအတွက် အခက်အခဲများရှိပါကြောင်း၊ ယခုကဲ့သို့ ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင်လာရောက်ကြည့်ရှုစစ်ဆေး ထိန်းကျောင်းပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် မိမိတို့ နယ်မြေတွင်နောင်တွင်လည်း အေးချမ်းစွာဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် နယ်စပ်ဒေသလမ်းများ ဖောက်လုပ်ထားရှိမှု၊ တောင်ပြိုလက်ဝဲရှိ နယ်စပ်ဂိတ်နှင့် ကင်းစခန်းများတွင် လုံခြုံအေးချမ်းစွာ တည်ရှိနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)လမ်းနေ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင် (၁၁)နှစ်ပြည့်အား ရည်စူး၍ ကျန်ရစ်သူ ဇနီး ဒေါ်ရွှေသက် သားသမီးမြေးတစ်စုတို့က ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)



# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကွင်းဆင်းအခြေခံစာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့ နေပြည်တော်ကောင်စီနယ်မြေရှိ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်

**သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)**
**ဓာတ်ပုံ-ကိုကိုစိုးညွန့်(သတင်းစဉ်)**

"သမီးရောဂါ သက်သာသွားပြီ၊ ကျောင်းလည်းနေလို့ရသွားပြီ၊ ကြီးလာရင် ကျောင်းဆရာမကြီးဖြစ်အောင် ကြိုးစားပါ့မယ်။ ဆရာကြီး ဆရာမကြီးများကို ကျေးဇူးတင်ပါတယ်။" ဆေးရုံခုတင်ထက်ဝယ် ပက်လက်ကလေး လဲလျောင်းနေရင်း ပြောကြားသူက အသက်(၈)နှစ်အရွယ် လယ်ဝေးမြို့နယ် ပေပင်ကျေးရွာနေ မမာမာဝေ။

၎င်း၏မိခင်ဖြစ်သူ ဒေါ်မအေးကမူ သမီးငယ်ကို ပီတိအပြုံးတို့ဖြင့် ငေးမောကြည့်နေရာမှ "ကျွန်မမှာ သားသမီး နှစ်ဦးရှိပါတယ်။ မိန်းကလေး တစ်ဦးနဲ့ ယောကျ်ားလေးတစ်ဦးပါ၊ သမီးလေးက မွေးရာပါ စအိုအင်္ဂါ မပါဝင်ဘဲ ဆီးလမ်းကြောင်းတစ်ခုတည်းကပဲ အညစ်အကြေးတွေ စွန့်ပစ်နေရပါတယ်။ ဒါ့ကြောင့် ကျောင်းတောင် မထားနိုင်ပါဘူး။ အကြောင်းကြောင်းကြောင့် ဆေးရုံ ဆေးခန်းလည်း မပြသနိုင်ခဲ့ပါဘူး။ သူ့အဖေကတော့ သူ့သမီးလေးအတွက် နယ်မှာသွားအလုပ်လုပ်နေပါတယ်။ ဒါပေမယ့် သမီးလေး ကုသိုလ်ကံကောင်းပါတယ်။ ကျွန်မတို့ရွာကို ကွင်းဆင်းဆောင်ရွက်ဖို့လာတဲ့ အဖွဲ့မှာပါဝင်တဲ့ ဆရာဝန်ကြီးအပါအဝင် လူကြီးတွေက ပျဉ်းမနားခုတင် (၂၀၀) ဆေးရုံကို လွှဲပြောင်းကုသပေးခဲ့လို့ပါ။ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်



မအေး(မိခင်)

ပါတယ်။ သမီးလေးရောဂါပျောက်ရင် ကျောင်းထားနိုင်တော့မှာ ဖြစ်ပါတယ်။ သူ့အဖေသာသိရင် အရမ်းဝမ်းသာမှာပဲ"ဟု ရှင်းပြပါသည်။

ပျော်ရွှင်ကြည်နူးမှု အတိဖြင့် ဇာတ်ပေါင်းစေမည့် ဇာတ်လမ်းနိဒါန်းအစကား နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်က စတင်ရပေမည်။ မှန်ပါသည်။ လက်ရှိနိုင်ငံ့လူဦးရေ ၇၀ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်လျက်ရှိရာ ကျေးလက်နေမိဘပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်သည်ဟု ဆိုရပေမည်။ တစ်နည်းအားဖြင့် ကျေးလက်အခြေပြု လူနေမှုအဆင့်အတန်းမြင့်မှ ချမ်းသာမှ နိုင်ငံတော်ကြီး သာယာဝပြောစည်ပင်လာသည်ဟု ခံယူရပေမည်။

သို့မို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှု၊ နေပြည်တော်ကောင်စီ၏ ပံ့ပိုးဆောင်ရွက်မှုများဖြင့် ယခုအခါ "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကွင်းဆင်းအခြေခံ စာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေး" အဖွဲ့များဖွဲ့စည်း၍ ကနဦး နေပြည်တော်ကောင်စီနယ်မြေ (၈)မြို့နယ်အတွင်း ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အဖွဲ့တစ်ဖွဲ့စီတိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူး အပါအဝင် ဆရာဝန်တစ်ဦး၊ တိရစ္ဆာန်ဆေးကု ဆရာဝန်တစ်ဦး၊ စိုက်ပျိုးရေးပညာရှင်တစ်ဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အင်ဂျင်နီယာတစ်ဦးနှင့် ဒေသခံပညာတတ်ဘွဲ့ရတစ်ဦး စုစုပေါင်းခြောက်ဦးဖြင့် ဖွဲ့စည်းထားသည်။

အဖွဲ့တစ်ဖွဲ့စီသည် နေပြည်တော်



ဒေါက်တာမျိုးကိုကိုလတ်

ကောင်စီ (၈)မြို့နယ်အတွင်းရှိ ကျေးရွာအချို့ကို အခြေပြု၍ တစ်ရွာ နှစ်ညအိပ်စနစ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကွင်းဆင်း အခြေခံစာရင်းကောက်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီကလည်း အဆိုပါကျေးရွာများ၌ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များဖွဲ့စည်း၍ ရပ်ကျိုး ရွာကျိုးဆောင်ရွက်နိုင်ရန် မတည်ငွေများဖြင့် မတည်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းအဖွဲ့(၈)ဖွဲ့တွင် ပါဝင်လိုက်ပါခဲ့ကြသော ဆရာဝန်ရှစ်ဦးတို့နှင့် မိမိစကားစမြည်ပြောခွင့်ရခဲ့၍ ကျေးလက်အရောက် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ခဲ့မှုများကို ဂယနဏသိခွင့်ရခဲ့ပေသည်။

လုပ်ငန်း အတွေ့အကြုံများကို ကြားရသည်မှာ ကိုယ်တိုင်ဆောင်ရွက်သူများကို မဆိုထားဘိ မိမိပင် တက်ကြွဝမ်းမြောက်မိပေသည်။

ဒေါက်တာ တင်ထွန်းအောင်က "ကျွန်တော်ပါဝင်တဲ့အဖွဲ့က လယ်ဝေးမြို့နယ်အတွင်းက ကျေးရွာတွေကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်၊ ကျွန်တော့်အပိုင်းအနေနဲ့ ကျေးရွာမှာ ဆေးခန်းဖွင့်လှစ်ဆောင်ရွက်ပေးသလို အိမ်တိုင်ရာရောက်လည်း ကုသပေးပါတယ်။ ကျန်းမာရေးဗဟုသုတအတွက်လည်း ဟောပြောဆောင်ရွက်ပေးပါတယ်။ ဆက်လက်ကုသမှုခံယူဖို့ လိုအပ်တဲ့ လူနာများကိုလည်း လယ်ဝေးမြို့နယ် ဆေးရုံကို လွှဲပြောင်းပေးခဲ့ရပါတယ်။ မွေးရာပါ စအိုအင်္ဂါမပါတဲ့ ကလေးငယ်တစ်ဦးရှိကြောင်း အကြောင်းကြားလို့ ခွဲစိတ်ဖို့လိုအပ်တဲ့အတွက် ဆေးရုံကို ဆက်လက် လွှဲပြောင်းပေးခဲ့ပါတယ်။ ကျေးရွာ မိဘပြည်သူတွေအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးမှုဟာ အင်မတန်ကောင်းမွန်တဲ့ အစီအစဉ်တစ်ရပ်ဖြစ်ပါတယ်။"

ဒေါက်တာ မျိုးကိုကိုလတ်က "ကျွန်တော်ကတော့ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းက ကျေးရွာတွေကို ကွင်းဆင်းတဲ့အဖွဲ့မှာ ပါဝင်ပါတယ်။ အချို့လူနာများကို အိမ်တိုင်ရာရောက် ကုသပေးပါတယ်။ လူနာအမျိုးသမီးတစ်ဦးဆို ခြေထောက်ပေါ်ထင်းစည်းပြုတ်ကျလို့ ဒူးခေါင်းမကွေးမဆန့်နိုင်ဖြစ်နေလို့ ပျဉ်းမနား ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီးကို လွှဲပြောင်းကုသပေးလျက်ရှိပါတယ်။ ကျေးလက်နေ မိဘပြည်သူများအနေနဲ့ ကျန်းမာရေးဗဟုသုတအပိုင်းမှာ အသိနည်းကြပါသေးတယ်။ ကျန်းမာရေးအသိ ပိုမိုရှိမှ မလိုလားအပ်တဲ့ အကျိုးဆက်များကို လျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်။"

ဒေါက်တာ ဝဏ္ဏမျိုးထွဋ်က "ကျွန်တော်တို့အဖွဲ့ကတော့ ဇေယျာသီရိမြို့နယ် ကျောက်ချပ်ကျေးရွာအုပ်စုက ကျေးရွာများမှာ ကဏ္ဍအလိုက် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြပါတယ်။ ကျန်းမာရေးဆောင်ရွက်မှုအပိုင်းအနေနဲ့ ဒေသခံပြည်သူများအတွင်းမှာ သွေးတိုး၊ မျက်စိရောဂါအဖြစ်များတာ တွေ့ရပါတယ်။ ကုသရေးအပြင် ပညာပေးအစီအစဉ်အဖြစ် ဟောပြောပွဲတွေပါ ဆောင်ရွက်ခဲ့ပါတယ်။ ကျေးလက်နေ မိဘပြည်သူများကို ကွင်းဆင်းအဖွဲ့နဲ့အတူ လိုက်ပါပြီး ကုသပေးရတဲ့အတွက် အားရကျေနပ်ပါတယ်။ သူတို့လည်း စိတ်ချမ်းသာ ကိုယ်လည်း စိတ်ချမ်းသာရပါတယ်။"

ဒေါက်တာဇင်ကိုလတ်က"ကျွန်တော်ကတော့ ကွင်းဆင်းအဖွဲ့ တာဝန်ကျရာ ဒက္ခိဏသီရိမြို့နယ် ရွှေခံအင်းကျေးရွာအုပ်စုမှာ ဒေသခံမိဘပြည်သူများရဲ့ ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ မှတ်မှတ်ရရဖြစ်မိတာကတော့ ကိုယ်ဝန်ပျက်ကျတဲ့ လူနာတစ်ဦး ရောက်လာတဲ့အတွက် ရှေးဦးပြုစုကုသပြီး ကားနဲ့ အချိန်မီဆေးရုံကို လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ များသောအားဖြင့် သွေးတိုးရောဂါဝေဒနာရှင်များကို တွေ့ရပါတယ်။



ဒေါက်တာမြင့်နိုင်

ဒါ့ကြောင့် အတွေ့များတဲ့ ရောဂါများအကြောင်းကို ပညာပေးဟောပြောပေးခဲ့ပါတယ်။ ကျေးလက်နေပြည်သူများ ကျန်းမာရေးဗဟုသုတပိုရှိဖို့ လိုအပ်ပါတယ်။ ယခုလို ကျေးလက်အထိ ကွင်းဆင်းကုသရတာ ပိုပြီးထိရောက်မှုရှိတာ တွေ့ရပါတယ်။"

ဒေါက်တာ အောင်မြတ်စိုးက "ကျွန်တော်ကတော့ ပုဗ္ဗသီရိမြို့နယ် ပုစွန်ဆိပ်ကျေးရွာအုပ်စု ကွင်းဆင်းအဖွဲ့မှာ ပါဝင်ပါတယ်။ မနက်ပိုင်းမှာ ဆေးခန်းဖွင့်ပြီး အခမဲ့တစ်ထိုင်တည်း ကုသပေးသလို ညနေမှာ နေအိမ်အထိ သွားရောက် ကုသပေးခဲ့ပါတယ်။ ညပိုင်းမှာ ကျန်းမာရေးဗဟုသုတပညာပေးဟောပြောပေးပါတယ်။ ဆက်လက်ကုသမှုခံယူဖို့လိုအပ်တဲ့ လူနာတွေကို ဆေးရုံကို လွှဲပြောင်းကုသစေပါတယ်။ ကျေးလက်နေ ပြည်သူတွေကိုယ်တိုင် ကျန်းမာရေးအသိဗဟုသုတရှိဖို့ လိုအပ်တာတွေ့ရပါတယ်။ ယခုလို ကျေးရွာအရောက် အခမဲ့သွားရောက်ကုသခွင့်ရလို့ စိတ်ချမ်းသာမှုအပြည့်အဝ ဖြစ်ရပါတယ်။ ဒီလုပ်ငန်းတွေ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရင် ပိုကောင်းမွန်လာမှာ ဖြစ်ပါတယ်။"

ဒေါက်တာ နေလင်းအောင်က "ကျွန်တော်ကတော့ ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာအုပ်စုနဲ့ တက်ရှိန်းကျေးရွာအုပ်စု ကွင်းဆင်းအဖွဲ့ကပါ။ ရွာလေးရွာအတွင်းက လူနာပေါင်း ၉၃၇ ဦးကို အခမဲ့ ဆေးဝါးကုသပေးနိုင်ခဲ့ပြီး ၁၃၄ ဦးကို ဆေးရုံသို့ဆက်လက် လွှဲပြောင်းပေးခဲ့ပါတယ်။ ကျေးလက်ပြည်သူအများစု ကျန်းမာရေးဗဟုသုတအပိုင်း အားနည်းတဲ့အတွက် ရမ်းကုများရဲ့ လက်ချက်ကြောင့် အချို့ရောဂါပိုဆိုးရွားလာတာ တွေ့ရပါတယ်။ကလေးငယ်တစ်ဦးဆို ဘယ်ဘက်လက်က အရိုးနှစ်ချောင်းလုံး ကျိုးနေတာကို ရမ်းကုနဲ့ကုတဲ့အတွက် လက်ကကောက်နေတာ တွေ့ရပါတယ်။ အမျိုးသမီးတစ်ဦးကို လေဖြတ်ရောဂါ ကာကွယ်ဆေးဆိုပြီး



ဒေါက်တာနေလင်းအောင်

ထိုးပေးလို့ သွေးပေါင်တွေ တက်လာတာမျိုး၊ အမျိုးသမီးတစ်ဦးရဲ့ ရင်သားရိုးရိုးအကျိတ်ကို ကင်ဆာဆိုပြီး ရမ်းကုတဲ့အတွက် အနာတွေဖြစ်လာတာမျိုး၊ ဓမ္မတာသွေးမပေါ်တာ ငါးလရှိလို့ ကိုယ်ဝန်ရှိတယ်အထင်နဲ့ လာပြလို့ ဆီးစစ်ပြီး ကိုယ်ဝန်မရှိကြောင်း ဆောင်ရွက်ပေးခဲ့ရတာတွေ ရှိခဲ့ပါတယ်။ ဒါ့ကြောင့်ကျန်းမာရေးဗဟုသုတ အသိပိုရှိဖို့ ရောဂါတစ်စုံတစ်ရာဖြစ်ပွားရင် ကျေးလက်ဆေးခန်းများနှင့် ဆက်သွယ်ဆောင်ရွက်ဖို့ ဟောပြောပွဲများလည်း ကျင်းပဆောင်ရွက်ခဲ့ပါတယ်။"

ဒေါက်တာမျိုးသီဟက"ကျွန်တော်က တပ်ကုန်းမြို့နယ် ထုံးဘိုကျေးရွာအုပ်စုအတွင်း ကွင်းဆင်းဆောင်ရွက်တဲ့အဖွဲ့မှာ ပါဝင်ပါတယ်။ ရပ်မိရပ်ဖများ၊ ပညာတတ်ဘွဲ့ရလူငယ်များ ယာဉ်ပိုင်ရှင်အပါအဝင် ရပ်ရွာကျန်းမာရေးစောင့်ရှောက်မှု လူမှုရေးအသင်းတစ်သင်း ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"။

ဒေါက်တာ ထိန်လင်းအောင်က " ကျွန်တော်က ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးကျေးရွာ အုပ်စုအတွင်း ကွင်းဆင်းဆောင်ရွက်တဲ့အဖွဲ့မှာ ပါဝင်ပါတယ်။ လူနာ ၃၁ ဦးကို ဆက်လက်



မာမာဝေ

ဆေးဝါးကုသမှုခံယူဖို့ ဆေးရုံကို လွှဲပြောင်းပေးခဲ့ပါတယ်။ အများအားဖြင့် သွေးတိုးနဲ့ မျက်စိရောဂါဝေဒနာများ အဖြစ်များတာ တွေ့ရပါတယ်။ ကျေးရွာတွေမှာ ရမ်းကုတွေ လက်ချက်ကြောင့် အချို့သောလူနာတွေ မဆိုးပါးသင့်ဘဲ ဆိုးပါးကုန်တာတွေ တွေ့ခဲ့ရပါတယ်။ ဒါ့ကြောင့် မီဒီယာတွေက တစ်ဆင့် ကျန်းမာရေးဗဟုသုတအသိပညာပိုပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်။ ကျေးလက်နေပြည်သူများ အများစုက ရေဒီယိုအများဆုံး နားထောင်ကြတာဖြစ်လို့ FM ရေဒီယိုတွေကပါ ကျန်းမာရေးဗဟုသုတလွှင့်ထုတ်မှု ပိုပေးဖို့ လိုပါတယ်။"

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကွင်းဆင်း အခြေခံစာရင်း ကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေး အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်သည့် ဆရာဝန်များ၏ လက်တွေ့ကွင်းဆင်းဆောင်ရွက်မှု အတွေ့အကြုံများနှင့် အကြံပြုချက်



ဆေးရုံအုပ်ကြီး
ဒေါက်တာလှလှကြည်

များကို တစ်ထိုင်တည်း နားဆင်ရသည်မှာ ကြုံတောင့်ကြုံခဲပင်။

အလားတူ နေပြည်တော်ပျဉ်းမနား ခုတင် (၂၀၀) ဆံ့ ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှလှကြည်က "ကျွန်မတို့ ဆေးရုံမှာ ဆက်လက်လွှဲပြောင်းလက်ခံကုသပေးနေတဲ့ လူနာပေါင်း ၄၈ ဦး ရှိပါတယ်။ အတွင်းလူနာ ၂၃ ဦးနှင့် ပြင်ပလူနာ ၂၅ ဦး ဖြစ်ပါတယ်။ ကျေးလက်နေမိဘပြည်သူများအတွက် တကယ်အကျိုးရှိစေတဲ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ လွှဲပြောင်းလူနာများကို အဆင်ပြေချောမွေ့စေရေးအတွက် နွေးနွေးထွေးထွေးကြိုဆိုပြီး သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများနဲ့ ဆက်လက်ပြုစုကုသပေးလျက်ရှိပါတယ်။ ကျွန်မတို့ဆေးရုံမှာ လာရောက်ဆေးဝါးကုသတဲ့ မိဘပြည်သူများကို မိမိရဲ့ မိဘဆွေမျိုးသဖွယ် စေတနာထားဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟူ၍ ရှင်းလင်းပြောကြားပါသည်။

ထို့အတူ အထွေထွေခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးမြင့်နိုင်ကလည်း" မွေးရာပါစအိုအင်္ဂါမပါဝင်တဲ့ ကလေးငယ်ကို ဆက်လက်ပြီး လိုအပ်သလို ဆက်လက်ဆေးဝါးကုသပေးလျက်ရှိပါတယ်။ ယခု ကွင်းဆင်းဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ကြောင့် ကျေးလက်ကနွမ်းပါးချို့တဲ့ရှာတဲ့ လူနာများကို ဆေးရုံရောက်အောင် ပို့ဆောင်ပေးတဲ့အတွက် တာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှု၊ နေပြည်တော်ကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကွင်းဆင်း အခြေခံစာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့၏ ကနဦး နေပြည်တော်ကောင်စီနယ်မြေ (၈)မြို့နယ်တွင် ဆောင်ရွက်မှုများက ကျေးလက်နေပြည်သူများအတွက် များစွာအကျိုးရှိလှပေသည်။

ကွင်းဆင်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ကြသူများကလည်း စိုက်ပျိုးမွေးမြူရေး၊ လူမှုရေးအပါအဝင် ကဏ္ဍအလိုက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့၍ ဖြစ်ပေသည်။

ကွင်းဆင်းအဖွဲ့၏ အဆိုပါလုပ်ငန်းစဉ်များသည် အချိန်ကာလအားဖြင့် တိုတောင်းကောင်း တိုတောင်းမည်ဖြစ်သော်လည်း နံနက်အရုဏ်ဦး၏ ထွက်ပြူစ သူရိန်နေမင်းပမာ ကျေးလက်နေပြည်သူများကို အလင်းရောင်ပေးနိုင်ခဲ့ပေသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များပါမကျန် လွှမ်းခြုံနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်၏ အသီးအပွင့်များကို ကျေးလက်နေမိဘပြည်သူများ ပိုမိုခံစားခွင့်ရရှိကြတော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေဘိုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇွန် ၁၂ ရက် နံနက်ပိုင်းက မုံရွာ-ရေဦးလမ်းကို ကြည့်ရှုစစ်ဆေးပြီး ဒီပဲယင်းမြို့နယ် အေးသာယာကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာအတွက် အားကစား ပစ္စည်းများ၊ ဂျာနယ်၊ စာစောင်များနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကြည်ရွာ၌ ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကိုလည်းကောင်း၊ ရေဦးမြို့နယ် ပင်စိမ်းကင်းကျေးရွာ၌ ပိုလီမက်အုပ်သံအိတ်စီရေကာတာ(၃) ဆောက်လုပ်မှုကို လည်းကောင်း၊ ရေဦး-ခင်ဦးလမ်း မိုင်တိုင် (၁၇)ရှိ မူးမြစ်ကူးတံတား ချဉ်းကပ်လမ်း ကတ္တရာခင်းကျင်းနေမှုနှင့် ရွှေဘို-ဆိပ်ခွန်လမ်းရှိ သဖန်းဆိပ်ဆည်ရေဖြင့် စိုက်ပျိုးအောင်မြင်လျက်ရှိသော စပါးခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်နှင့် တာဝန်ရှိသူများသည် ရွှေဘိုမြို့နယ်နှင့် ဒီပဲယင်းမြို့နယ်ချင်းဆက် မူးကမ်းကြီး-ရေကြည်ဝ (ရန်ကြီးအောင်) တံတားအတွက် အလှူငွေလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇွန် ၁၃ ရက် နံနက်ပိုင်းက ရွှေဘိုခရိုင်ကျောက်မြောင်းမြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ကျောက်မြောင်း-နွယ်ငြိမ်းကိုယ့်အားကိုယ်ကိုး တံတားဖွင့်ပွဲသို့ တက်ရောက်သည်။

ထို့နောက် ရောဝတီတံတား (ရတနာသိင်္ဃ) တည်ဆောက်ရေး စီမံကိန်း၊ ဝက်လက်မြို့နယ် လိန်ပင်ကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး အထူးဇုန် ဧက ၄၅၀နှင့် ကြီးကန်ကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး ခြောက်ဧက အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇွန် ၁၄ ရက်က မုံရွာမြို့ မြဝတီ၊ သလ္လာရပ်ကွက် ဗိုလ်တစ်ထောင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း၊ သလ္လာရပ်ကွက် မိုယ်းကောင်းဘုရား ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းနှင့် ဘုန်းစိုးရပ်ကွက် သဇင်ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးသည်။

အဆိုပါ မြဝတီ၊ သလ္လာရပ်ကွက် ဗိုလ်တစ်ထောင်လမ်းမှာ အရှည်ပေ ၆၂၅၀ နှင့် အကျယ် ၁၂ ပေ ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၅၂၅ ဒသမ ၁၃၂ သိန်း၊ သလ္လာရပ်ကွက် မိုယ်းကောင်းဘုရားလမ်းမှာ အရှည်ပေ ၄၈၅၀ နှင့် အကျယ် ၁၂ ပေဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၄၂၈ ဒသမ ၂ သိန်း၊ ဘုန်းစိုးရပ်ကွက် သဇင်လမ်းမှာအရှည်၁၇၁၆ပေနှင့်အကျယ်၁၄ပေဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၁၂၃ ဒသမ ၆ သိန်းတို့ ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



**ဇွန် ၅ ရက်က ပဲခူးမြို့နယ် သစ်တောဦးစီးဌာနက ကျေးလက်အိမ်ရာထူထောင်ရေးနှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်းထူထောင်ခြင်းစီမံချက်အရ ဘုရားကလေးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပဲခူးမြို့နယ် သစ်တောဦးစီးဌာန နယ်မြေတာဝန်ခံတောအုပ်ကြီး ဦးဝင်းသန်း၊ ဘိနယ်တာဝန်ခံတောအုပ် ဦးကျော်မင်းထွန်းနှင့် နယ်မြေဝန်ထမ်းများက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှကိုနှင့် အဖွဲ့ဝင်များထံ တစ်အိမ် ထောင်သစ်မာ အပင် ၂၀ စိုက်ပျိုးရန် အိမ်ထောင်စု ၁၁၅ စုအတွက် ယူကလစ်ပင်များကို လွှဲပြောင်းဝေငှစဉ်။** (မြို့နယ်သစ်တော)

# မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၆**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ကြီးမှူး၍ အင်ဂျင်နီယာဘာသာရပ်တွင် ဘူမိနည်းပညာအဆင့်ဆင့်တိုးတက်ခဲ့မှုများ၊ ယင်းတို့ကို ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးချမှုနှင့် ရှေ့ဆက်တိုးတက်နိုင်မှု အခြေအနေများကို ပညာရှင်ဒေါက်တာဗိုလ်မြင့်ဝင်းက ဇွန် ၂၃ ရက် (စနေနေ့)နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ Function Hall ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း

## စာတည်းထံပေးစာများ

### ကျူးကျော်အိမ်များ ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား-**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့ မင်းရာမဘုရားလမ်းရှိ လူနေအိမ်များ၏ ရှေ့တည့်တည့်တွင်လည်းကောင်း၊ စည်ပင်သာယာလမ်းမြေများတွင်လည်းကောင်း ကျူးကျော်နေအိမ်များ ဆောက်လုပ်ပြီး လမ်းများပိတ်ဆို့ထားသဖြင့် ရပ်ကွက်အတွင်းနေထိုင်သူများ သာရေး နာရေးကိစ္စများဆောင်ရွက်ရာတွင် သွားလာရေးအခက်အခဲဖြစ်ရပါသောကြောင့် အဆိုပါ ကျူးကျော်အိမ်များကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ပျော်ဘွယ်သား**

### စပါးခွံလောင်စာသုံးစက်ရုံကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာ ရပ်ကွက်(၄)ရှိ စပါးခွံသုံးဆန်နှင့်စပါး ကြိတ်ခွဲစက်မှ စပါးခွံအနံ့ဆိုးကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျေးရွာသား**

### ဆန်စက်မှ ညှော်နံ့ဆိုး၊ ရေဆိုးများကြောင့် ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီးဖြစ်

၃-၆-၂၀၁၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ်(၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းဘေးရှိ ဆန်စက်မှ ဂက်စ်ဓာတ်ငွေ့သုံးစပါးခွံလည်ပတ်ရာမှ ထွက်ရှိလာသောညှော်နံ့ဆိုး၊ ရေဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

# ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

**ဝါးခယ်မ ဇွန် ၁၆**

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပံ့ကျွေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၅ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါ ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်က ဝတ်စုံထောက်ပံ့ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီးနောက် ကျောင်းသား ကျောင်းသူ ၁၄ ဦးကို တစ်ဦးလျှင် နှစ်စုံနှုန်းဖြင့် ငွေကျပ်တစ်သိန်းကျော်ဖိုးရှိ ကျောင်းဝတ်စုံများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၇၂)

# ယင်းမာပင်မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမ

## အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ



**ယင်းမာပင် ဇွန် ၁၆**

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ယင်းမာပင်မြို့နယ်ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ကော်မတီ အစားထိုးရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဇွန် ၇ ရက် နံနက်ပိုင်းက ယင်းမာပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အသင်း၏ဥက္ကဋ္ဌ လက်ထောက်ပညာရေးမှူး ဦးစိုးမြင့်ချိုနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆွေတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အသင်း၏လုပ်ငန်းဆောင်ရွက်ချက် နှစ်ပတ်လည်အစီရင်ခံစာကို အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင် ဦးခင်မောင်တင်ကလည်းကောင်း၊ စာရင်းစစ် ဦးဇော်ဦးက အနှစ်ချုပ်စာရင်းစစ်ဆေးချက်တို့ကိုလည်းကောင်း ရှင်းလင်းဖတ်ကြားကြသည်။

ယင်းနောက် တာဝန်ရှိသူများက ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ထူးချွန်ဆုရရှိသောအသင်းသားများ၏ သားသမီးများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**ဆက်လက်၍ အမှုဆောင်ကော်မတီ အစားထိုးရွေးချယ်တင်မြှောက်ပွဲ ကျင်းပရာ မြို့နယ်ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ခွဲက လစ်လပ်လျက်ရှိသောနေရာများကို အသီးသီးအစားထိုးအတည်ပြု ရွေးချယ်တင်မြှောက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ငွေစုငွေချေးသမ)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**ကျောက်ကြီး ဇွန် ၁၆**

ကျောက်ကြီးမြို့နယ် ငထွေးစုတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဇွန် ၅ ရက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများအား ပျိုးပင်တစ်ပင် ဖြစ်လာရေးအတွက် ဆောင်ရွက်ရသည့်လုပ်ငန်းအဆင့်ဆင့်ကို သရုပ်ပြပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ ကျောက်ကြီးမြို့နယ် သစ်တောဦးစီးအရာရှိဦးခင်မောင်ထွေးက ဟောပြောဆွေးနွေးပြီးနောက် **(ယာပုံ)** သစ်တောဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများသည် ကျောင်းဝင်းအတွင်း၌ သစ်ပင်စိုက်ပျိုးခြင်းကို လက်တွေ့ပူးပေါင်းဆောင်ရွက်ကြကြောင်းသိရှိရသည်။ **(မြို့နယ်သစ်တော)**



မြန်မာ့အလင်း **အာကာသသိပ္ပံ**

# တရုတ်အာကာသယာဉ်မှူးသုံးဦးလိုက်ပါသည့် ရှန်ကျို့-၉ အာကာသယာဉ် လွှတ်တင်

**မိုးမြင့်လင်းလက် - ရေးသားသည်**

**ကျိုကျင်း ဇွန် ၁၆**

တရုတ်နိုင်ငံက ပထမဆုံးအမျိုးသမီးအာကာသယာဉ်မှူးတစ်ဦးအပါအဝင် အာကာသယာဉ်မှူး သုံးဦးလိုက်ပါသွားသည့် ရှန်ကျို့ -၉ အာကာသယာဉ်ကို ဇွန် ၁၆ ရက် ဒေသစံတော်ချိန် ည ၆ နာရီ ၃၇ မိနစ်၌ အောင်မြင်စွာ လွှတ်တင်လိုက်ပြီဖြစ်သည်။ **(အောက်ပုံ)**



ရှန်ကျို့-၉ အာကာသယာဉ်ကို တရုတ်နိုင်ငံလုပ် လောင်းမတ်ချ်-၂ အက်ဖ် ဂြိုဟ်တုဖြင့် သယ်ဆောင်သွားခြင်းဖြစ်ပြီး တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဂိုဘီသဲကန္တာရရှိ ကျူကျွန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်လိုက်ခြင်းဖြစ်သည်။

လူလိုက်ပါသည့် အာကာသယာဉ်ကို လွှတ်တင်ခြင်းသည် လာမည့် ၂၀၂၀ ခုနှစ်၌ တရုတ်နိုင်ငံက အာကာသ၌ တည်ဆောက်မည့် အာကာသယာဉ်စခန်းသစ်တစ်ခုတည်ဆောက်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်သည်။

ရှန်ကျို့-၉ အာကာသယာဉ်ကို သယ်ဆောင်သွားသည့် လောင်းမတ်ချ်-၂ အက်ဖ်ဂြိုဟ်တုသည် လွှတ်တင်ပြီး မိနစ် ၂၀ ခန့်အကြာ၌ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ရောက်ရှိသွားသည်။

**လာရောက်ကြည့်ရှု**

အဆိုပါ အာကာသယာဉ်လွှတ်တင်သည့် မြင်ကွင်းကို ကျူကျွန်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ ၁ ဒသမ ၅ ကီလိုမီတာအကွာမှ နေ၍ ကမ္ဘာလှည့်ခရီးသွားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့်ပြည်သူများက လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ **(အင်တာနက်)**



# တာချီလိတ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**တာချီလိတ် ဇွန် ၁၆**

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဝမ်ကောင်းမွန်ကျေးရွာ၌ မိုးပွင့်အဆင့် (၃)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇွန် ၉ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသိန်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝီလ်ဆင်မိုး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်းတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းက ကျေးရွာပြည်သူများအား မိုးပွင့်အဆင့် (၃) စီမံချက်နှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားပြီးနောက် အသက် ၁၀နှစ်ပြည့် ၅၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်လဝက)**

**ပညာမြင့်မှ လူမျိုးတင့်မည်**

## ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နေ
ဦးသိန်းငွေ-ဒေါ်ခင်စောမူတို့၏ သားငယ်
**မောင်လပြည့်မောင်**
**B.A(Eng:)**
နှင့်
ရန်ကုန်မြို့၊ ကျိုက္ကဆံအိမ်ရာနေ
ဦးမျိုးဟန်-ဒေါ်ဆွေဆွေမာတို့၏ တစ်ဦးတည်းသောသမီး
**ဒေါက်တာကလျာဟန်**
**B.V.Sc**
**သုတေသနလက်ထောက်-၂**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

တို့သည် ၁၆-၆-၂၀၁၂ရက် (စနေနေ့)တွင် နှစ်ဖက်သော လူကြီးမိဘဆွေမျိုးတို့၏ ရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်လပြည့်မောင်-ဒေါက်တာကလျာဟန်**

## အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနအတွက် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) မြို့ကြီး-တောင်တော်ကွင်း ၃၃ကေဗွီ ဓာတ်အားလိုင်း (၁၀)မိုင်တည်ဆောက်ခြင်း

(၂) တောင်တော်ကွင်းဓာတ်အားခွဲရုံတွင် Switch Bay (2) Nos တိုးချဲ့တည်ဆောက်ခြင်း

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၈-၆-၂၀၁၂ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၃၁-၇-၂၀၁၂ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၆း၀၀နာရီ |

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမောင်မြ ၁၂/ရကန (နိုင်)၀၅၁၂၂၂ ၏ (CDC-၃၃၉၉) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

**ဖုန်း-၀၁-၇၀၉၆၈၇၊ ၀၉-၇၃၁၅၂၈၉၁**

## နေရာကောင်းဦးရာလူရမည်

အောက်ကြည့်မြင်တိုင်လမ်းမကြီးပေါ် (၃၅ ပေ×၅၅ပေ)မြေပေါ်ရှိ လေးထပ်တိုက်၊ ပါဝါမီတာ၊ ဘိုးဘွားပိုင်၊ A/C (၁၁)လုံး၊ လိုင်းဖုန်း၊ 60 KVA မီးစက်တစ်လုံး၊ အရှုပ်အရှင်းကင်း၊ လက်ရှိကုမ္ပဏီဖွင့်နေ။

**ဖုန်း-၀၉-၅၀၁၃၈၁၅၊**
**၀၉-၄၃၀၅၁၀၀၃၊**
**၀၉-၄၉၃၁၀၄၄၉**













## ဂုဏ်ယူလျက်ပါ (၂)လသာ

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်ချက်ရာခိုင်နှုန်း ၉၂.၄၅% ဖြင့် **ရန်ကုန်တိုင်းဒေသကြီး အောင်ချက်အကောင်းဆုံး၊ ဒုတိယဆင့်**ကိုလည်းကောင်း၊ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ ၂၀၁၁-၂၀၁၂ အထိ (၁၀)နှစ်ဆက်တိုက်အောင်ချက် ၉၀%ကျော် ရရှိအောင် စွမ်းဆောင်ပေးနိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ အခြေခံပညာ ကျောင်းလုပ်ငန်းများဆောင်ရွက်မှုအကောင်းဆုံးထူးချွန်ဆုကို ရရှိထားသည့် **ကျောင်းအုပ်ကြီး ဒေါက်တာသီဂီကျော်**နှင့် စေတနာအပြည့်ဖြင့် သင်ကြားပေးခဲ့သော ဆရာမများ၊ ဂုဏ်ယူဖွယ်ကောင်းအောင် လေ့လာသင်ယူကျက်မှတ်ဖြေဆိုခဲ့ကြသော သမီးကျောင်းသူများ အားလုံးအတွက် များစွာ ကျေနပ်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

**မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အထက(၂)လသာ**

## (၁၂)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

ဒေါက်တာဦးလှမိုးသွင် (သုခဆေးခန်း-ပဲခူးမြို့)နှင့် အစ်မ ဒေါ်သော်တာထွန်း တို့၏ ၁၇-၆-၂၀၁၂ ရက်တွင်ကျရောက်သည့် (၁၂)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သမီးကြီး ရွှန်းမြတ်မိုးသွင်၊ ချစ်သမီးငယ် သက်မြတ်မိုးသွင် တို့နှင့်အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မမူ၊ နွယ်နီ၊ မဆွေ၊ ဇော်မင်းထွန်း**
**(Lifeline Co.,Ltd.)**

## ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

ဂမုန်းပွင့်ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံတွင် လက်လီအရောင်းဆိုင်လုပ်ငန်းများအား လုပ်ကိုင်နေသော ကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီသည် အောက်ဖော်ပြပါရာထူးနေရာအတွက် အောက်ဖော်ပြပါအရည်အချင်းရှိသူ တစ်ဦးအလိုရှိပါသည်။

(၁) ခန့်အပ်မည့်ရာထူးအမည် Human Resources Manager ကျား/မ(၁)ဦး

(၂) **လိုအပ်သည့်အရည်အချင်းများ**

(က) Human Resources ဘာသာရပ် (သို့) Business Administration ဘာသာရပ်(သို့)ယခုလုပ်ငန်းနှင့်ပတ်သက်သည့်ဘွဲ့၊ ဒီဂရီတစ်ခုခု ရရှိထားပြီး အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်းရှိသူဖြစ်ရမည်။

(ခ) Human Resources Management and Development လုပ်ငန်းများတွင် အနည်းဆုံး(၃)နှစ် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိရမည်။

(ဂ) အလုပ်သမားရေးရာနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နားလည်ထားသူဖြစ်ရမည်။

(ဃ) ကုမ္ပဏီ၏ အနာဂတ်အမြင်များ၊ ရည်မှန်းချက်များနှင့် အကောင်အထည်ဖော်လုပ်ဆောင်နေမှုများကို ဝန်ထမ်းများသိရှိနားလည်သဘောပေါက်ပြီး နီးကြားတက်ကြွစွာလုပ်ဆောင်ကြစေရန်၊ စနစ်တကျဆက်စပ်ပေါင်းကူး ညှိနှိုင်းဆောင်ရွက်နိုင်စွမ်းရှိရမည်။

(င) ဝန်ထမ်းများအရည်အချင်း၊ အရည်အသွေးများ တိုးတက်မြင့်မားကောင်းမွန်လာစေရေးအတွက် အဆင့်ဆင့်သော ဝန်ထမ်းများနှင့် လိုက်လျောညီထွေရှိမည့်သင်တန်းများကိုပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်စွမ်းရှိပြီး သက်ဆိုင်ရာဘာသာရပ်များကိုလည်း သင်ကြားပို့ချနိုင်ရမည်။

(စ) ရင်ဆိုင်တွေ့ကြုံရသောပြဿနာများ၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိပြီး ကြုံတွေ့လာသည့်အခက်အခဲများကို ကောင်းမွန်စွာရင်ဆိုင်ဖြတ်ကျော်၍ ရလဒ်များရရှိအောင်ဆောင်ရွက်နိုင်သည့် ကိုယ်ပိုင်စွမ်းရည် အပြည့်အဝရှိသူဖြစ်ရမည်။

(ဆ) လုပ်ငန်းခွင်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် ပတ်သက်၍ တိကျပြတ်သားစွာ ရှင်းလင်းပြောဆိုနိုင်ပြီး ပိုမိုတိုးတက်ကောင်းမွန်သော အကြံသစ်၊ ဉာဏ်သစ်များကို တင်ပြနိုင်ခြင်းရှိရမည့်အပြင် အစီရင်ခံစာများကိုလည်း အချက်အလက်အထောက်အထားပြည့်စုံစွာဖြင့် ရေးသားတင်ပြနိုင်စွမ်းရှိရမည်။

(၃) ဖော်ပြပါရာထူးနေရာအတွက် တာဝန်ယူလုပ်ဆောင်ရန် လျှောက်ထားလိုသူများသည် မျှော်မှန်းလစာ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သုံးလအတွင်းရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူ၊ လုပ်ငန်းအတွေ့အကြုံထောက်ခံချက်တို့နှင့်အတူ အမှတ် (၂၄၅)၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်သို့ ၂၅-၆-၂၀၁၂ ရက် နောက်ဆုံးထား၍ လျှောက်လွှာများပေးပို့ လျှောက်ထားနိုင်ပါသည်။

## (၁၂)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

ဒေါက်တာဦးလှမိုးသွင် (သုခဆေးခန်း-ပဲခူးမြို့)နှင့် ချစ်ဇနီးဒေါ်သော်တာထွန်းတို့၏ ၁၇-၆-၂၀၁၂ ရက်တွင် ကျရောက်သော (၁၂)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် ချစ်သမီးကြီး ရွှန်းမြတ်မိုးသွင်၊ ချစ်သမီးငယ် သက်မြတ်မိုးသွင် တို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘဝခရီးလမ်းကို ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မချောစုနှင့်**
**Asia Glory မိသားစု**







**ဖခင်အမည်မှန်**

ဝန်းသိုမြို့နယ်၊ ဂျိုးတောင် အထကခွဲ၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ရဲကိုကိုနှင့် ဆဋ္ဌမတန်း(A)မှ မခင်မာဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးအေးချို ၅/ဝသန(နိုင်)၀၃၃၈၆၃ဖြစ်ပါကြောင်း။ **ဦးအေးချို**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဝန်းသိုမြို့နယ် ဂျိုးတောင် အထကခွဲ နဝမတန်း(ခ)မှ မောင်မင်းသူ၏ ဖခင်အမည် ဦးပြားဖေ(ခ)ဦးစံအောင် ၅/ပလသ(နိုင်)၀၄၃၈၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးပြားဖေ(ခ)ဦးစံအောင်**






## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ခွံများရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသား မည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ရောင်းချမည့်နေရာ** - အမှတ် ၆၉/၇၁၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်။

(ခ) **တင်ဒါများဖွင့်လှစ်** - ၂၀၁၂ခုနှစ် ဇွန် ၂၁ ရက်၊ **ရောင်းချမည့်ရက်** မွန်းတည့် ၁၂:၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ရေးနှင့်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

[illegible]

## ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ယူနိုက်တက်အမရာဘဏ်၏ ဒသမမြောက်ဘဏ်ခွဲဖြစ်သော သဃ်န်းကျွန်းဘဏ်ခွဲကို ၁၂-၆-၂၀၁၂ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**KHIN MAUNG NYUNT TRADING CO., LTD.**
**ELECTRICAL PRODUCTS & MACHINERY**

## ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ယူနိုက်တက်အမရာဘဏ်၏ ဒသမမြောက်ဘဏ်ခွဲဖြစ်သော သဃ်န်းကျွန်းဘဏ်ခွဲကို ၁၂-၆-၂၀၁၂ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**Peace Myanmar Electric Co., Ltd.**
**(Mitsubishi Electric Group)**

## ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ယူနိုက်တက်အမရာဘဏ်၏ ဒသမမြောက်ဘဏ်ခွဲဖြစ်သော သဃ်န်းကျွန်းဘဏ်ခွဲကို ၁၂-၆-၂၀၁၂ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Quarto Products Co., Ltd.**



**Acoustic Pianos**
**Digital Pianos**
**Portable Keyboards**
**Acoustic Guitars**
**Electric Guitars**
**Electric Acoustic Guitars**
**Recorders**

အမှတ် (၃၆၊ဒီ)၊ မိုးကောင်းလမ်း၊ ကံဘဲ့၊ ရန်ကင်း။
Ph: 01-560397, 09 5009775, 09 73017536

## ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ယူနိုက်တက်အမရာဘဏ်၏ ဒသမမြောက်ဘဏ်ခွဲဖြစ်သော သဃ်န်းကျွန်းဘဏ်ခွဲကို ၁၂-၆-၂၀၁၂ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**1. SHWE THAZIN CO., LTD.**
**2. SHWE THAZIN INVESTMENT CO., LTD.**
**3. SHWE MYANMAR CO., LTD.**
} ဦးရွှေ၊ **ဦးကြီးစိန်**, **ဦးစိန်သန်း**၊ **ဦးနီ**, **ဦးဝင်းအောင်**

**4. SEIN THAN AGRO INDUSTRY CO., LTD.** **ဒေါ်သီတာဦး**

N.G.E.S [illegible]
(English For Speaking, Listening, Reading & Grammar) +
(Essay, Letter & Story Writing)
[illegible]

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ဗိုလ်တေဇလမ်း၊ အမှတ်၃/၄၈၁နေ ဦးတင်မြင့်၏သား ဦးထိန်ဝင်း(ခ)ဦးဆိုင်းဇော် ၁၂/မဂဒ(နိုင်) ၀၇၂၄၃၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထိန်ဝင်း(ခ)ဦးဆိုင်းဇော်**

[illegible]

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

အမှတ် ၂/၇၅(က)၊ စိန်ပန်းမြိုင် ၄လမ်း၊(၇)ရပ်ကွက်၊ လှိုင်သာယာနေ ဦးအောင်စိုးမင်း၏ ဇနီး ဒေါ်ဖြူဖြူလွင် ၁၂/လသယ(နိုင်) ၀၃၅၆၅၈သည် ၁၀-၆-၂၀၁၂ရက် ည ၁၁:၃၀နာရီတွင် နေအိမ်မှဆင်းသွားပါသည်။ သို့ပါ၍ တရားဝင်ဇနီးမယားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်စိုးမင်း**
**၇/ရတန(နိုင်)၀၀၁၆၇၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မန္တလေးခရိုင်တရားရုံးတော်၌
### ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၂၀၀

ဒေါ်ကြည်စိန် (စိတ်ပေါ့သွပ်သူဖြစ်၍ ၎င်း၏ နီးစပ်ရာ မိတ်ဆွေ သမီး- ဒေါ်ခင်ဆွေဝင်း) **နှင့်** ဒေါ်အိခိုင်(ခ) ဒေါ်ခင်ဖြူဝင်း

**တရားလို** **တရားပြိုင်**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ လဲလူအိုင်အုပ်စု၊ ရှမ်းစုကြီးကျေးရွာနေ ဒေါ်အိခိုင်(ခ)ဒေါ်ခင်ဖြူဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကြည်စိန် (စိတ်ပေါ့သွပ်သူဖြစ်၍ ၎င်း၏ နီးစပ်ရာမိတ်ဆွေ သမီး-ဒေါ်ခင်ဆွေဝင်း)က "ရောင်းကြေးတန်ဖိုးငွေ၏ တစ်ဝက်ဖြစ်သော ကျပ် ၂၁၀၀၀၀၀၀(ကျပ်သိန်းနှစ်ရာ့တစ်ဆယ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင် ၆ရက် (၁၃၇၄ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်မှိုလိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇွန် ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မောင်မောင်ဌေး**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း
## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ (၈၁×၈၂)လမ်းကြား၊ (၁၅×၁၆)လမ်းကြားနေ ဦးဝင်းမြင့်လှိုင် ၉/မနမ(နိုင်)၀၀၆၄၅၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်ပါသည်။

ဦးဝင်းမြင့်လှိုင်နှင့် ဒေါ်ခင်နိုင်ဝင်းတို့သည် ၁၉၉၄ခုနှစ်က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လက်ထပ်ပေါင်းသင်းခဲ့ရာ သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအချိန်တွင် ဒေါ်ခင်နိုင်ဝင်းသည် မည်သို့မျှခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်ကို ပြုလုပ်ခဲ့သဖြင့် ဦးဝင်းမြင့်လှိုင်နှင့် ဒေါ်ခင်နိုင်ဝင်းတို့သည် ၁၀-၆-၂၀၁၂ရက်က လင်မယားအဖြစ် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။

ထို့ပြင် ပစ္စည်းခန်းနှင့်ပတ်သက်၍လည်း နှစ်ဦးသဘောတူခွဲဝေရယူပြီးဖြစ်၍ နောက်နောင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ခြင်းမရှိတော့သည့်အပြင် ဒေါ်ခင်နိုင်ဝင်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေး၊ လူမှုရေး၊ စီးပွားရေးတို့ကို ဦးဝင်းမြင့်လှိုင်က တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာလိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်အေးမွန်တင်သိန်း(စဉ်-၈၂၁၃) LL.M, D.B.L**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်သူဇာအောင်(LL.B)** **ဒေါ်နှင်းဖြူအောင်(LL.M)** **ဒေါ်နီလာ (LL.M, D.B.L)**
**အထက်တန်းရှေ့နေများ**

**ရုံးခန်း-အမှတ် ၂၈/ခ၊ ၃၂ လမ်း၊ (၆၈×၆၉)လမ်းကြား၊ နယူးစီဗွီလိုင်းရပ်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၁၅၉၈၂၊ ၀၉-၂၀၁၉၆၁၃၊ ၀၉-၂၀၂၂၃၆၊ ၀၉-၈၁၀၁၂၀၀၄၊ ၀၉-၈၁၀၁၅၃၀၃**

## ဒေါ်ဝမ်လန်ကျိန်း
### အာရှလိုင်းကျော်မိသားစု
### အသက်(၇၃)နှစ်

မန္တလေးမြို့၊ အမှတ် ၁၀၉၊ ၃၃လမ်း၊ (၇၃×၇၄)လမ်းကြားနေ ဒေါ်နန်းလှိုင်မွေး(ခ)မအားလင့်-ဦးရန်ရှင်းဝေ၊ ဦးကျော်နိုင်-ဒေါ်ဟော်ဇီမေ(ခ)မအားမေ၊ ကိုသန်းအောင်-ဒေါ်လီလီ(ခ)မနှင်းချွေးတို့၏မိခင်၊ မစုစုဝင်း၊ မဖြူဖြူဝင်း၊ မထက်ထက်ဝင်း(ခ)အားထင့်၊ မောင်ဟန်ရဲကျော်၊ မောင်ဟန်သိန်းကျော်၊ မခိုင်ထက်ထက်နိုင်၊ မောင်စည်သူ၊ မောင်မြတ်သူတို့၏အဘွားသည် ၁၆-၆-၂၀၁၂ရက် ညနေ ၆း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ငွေလှိုင်
### အသက်(၇၀)

မြင်းခြံမြို့နေ (ဦးနက်-ဒေါ်အေးကြည်)တို့၏သမီးကြီး၊ ဦးစိန်မောင်-ဒေါ်သန်းရင်၊ (ဦးတင်အေး)-ဒေါ်ရွှေတို့၏အစ်မ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၁၆၊ လေးလွှာ(B)နေ ဦးသိန်းထွန်း၏ဇနီး၊ ဦးမောင်ချို-ဒေါ်တင်တင်ဦး၊ ဦးဇော်ဝင်း-ဒေါ်ခင်စောမြတ်စိုး၊ Albert Poh-ဒေါ်သန်းသန်းအေး၊ ဦးသန်းလွင်-ဒေါ်မော်မော်သန်း၊ ဒေါ်အေးအေးသိန်း၊ ဦးတင်ဝင်း-ဒေါ်စိုးစိုးသိန်းတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၆-၂၀၁၂ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် ညည/၇၊ ဦးပိုင်အမှတ်(၇.၂)၊ ၆၀.B နှင့် ၆၁လမ်း၊ အောင်ဆန်းလမ်းမြောက်ဘက်၊ တပ်ကြပ်ကြီးတင်ဌေး အမည်ပေါက် မြေကွက်အား ဒေါ်ရန်ချန်မေ ၁၃/ကခန(နိုင်)၀၁၈၂၂၇၄မှ အမှုတွဲအမှတ် ၂၂၄၇၊ ၂၀၀၂-၂၀၀၃ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း/အမည်ပြောင်းဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဇဇ/၄၊ ဦးပိုင်အမှတ် ၉၂၊ ၅၆လမ်း×၅၇လမ်း၊ ဦးအက်ဖ်ချန်း အမည်ပေါက် ဂရန်မြေကွက်အား ဦးမင်းထွန်း ၅/ကလထ(နိုင်)၀၆၉၀၄၅မှ အမှုတွဲအမှတ် ၄၁၂၀/၂၀၁၁-၂၀၁၂ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ် ၅၁၄/၅၊ ဦးပိုင်အမှတ် ၆၂၊ ၅၉လမ်း၊ ၂၈လမ်း× လမ်း၃၀ ဒေါ်တင်တင်သိန်း အမည်ပေါက် မြေကွက်အား ဒေါ်တင်တင်သိန်း ၁၂/မဂတ(နိုင်)၀၃၂၈၁၄ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မိတ္တူ/အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ/၇၊ ဦးပိုင်အမှတ်(၃၉+၄၂)၊ ၅၃×၅၄ လမ်းကြား၊ အောင်ဇေယျလမ်း ×အောင်ဆန်းလမ်းကြား၊ ဦးချစ်စိန် အမည်ပေါက် မြေကွက်အား ဒေါ်ကြည်သီ ၁/မကတ(နိုင်)၀၀၁၂၉၄မှ အမှုတွဲအမှတ် ၀၈၈၃/၂၀၀၉-၂၀၁၀ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း၊ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## ဒေါ်ခင်စောရင် (နမ့်ဆန်)
### အသက်(၈၅)နှစ်

[ဦးသော် (T.C.C ဆီစက်)]၏ဇနီး၊ ဦးခွန်ခမ်းလှိုင် - (ဒေါ်နန်းကျင်ယုံ)တို့၏သမီး၊ ဦးဇော်ထွန်း၊ ဒေါ်သီတာသော်၊ ဒေါ်ဥမ္မာသော်တို့၏မိခင်၊ ဇော်သီဟထွန်း၊ ဇော်သူရထွန်း၊ AKIRA SATO တို့၏အဘွားသည် အမှတ် G-7၊ ကန်ရိပ်သာလမ်း၊ FMI City နေအိမ်၌ ၁၄-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်း(ခ)ဒေါ်ပိုက်
### (စိန်ပဲပြား)
### အသက်(၇၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က-ဂ)ရပ်ကွက်၊ ၁၅၅လမ်း၊ အမှတ် ၃၁နေ (ဦးအုန်းမောင်-ဒေါ်ကျင်ပွင့်)တို့၏သမီး၊ (ဦးထွန်းမောင်-ဒေါ်မြမေ)တို့၏သမီးချွေးမ၊ (ဦးသာအေး)၏ဇနီး၊ ဦးငွေဝင်း၏အစ်မ၊ ဦးမင်းနိုင်-ဒေါ်မြင့်မြင့်စိန်၊ (ဦးထွန်းထွန်းဝင်း) - ဒေါ်စန်းစန်းအေး၊ (ဦးကျော်ရွှေ)-ဒေါ်အေးအေးမြင့်၊ ဦးမိုးမြင့်အောင်-ဒေါ်ရွှေဇင်ဝင်း၊ ဦးမောင်မောင်-ဒေါ်မိုးမိုးတို့၏မိခင်၊ မဆုဆုလှိုင် (Eco၊ ဒုနှစ်)၊ မခင်မျိုးလှိုင်၊ မောင်အောင်ကျော်မိုး၊ မအိန္ဒြေအောင်၊ မယဉ်ယဉ်ယု၊ မခင်ခင်ကျော်၊ မဇင်သူကျော်၊ မောင်ဝင်းသူရ၊ မအိချိုဇင်တို့၏အဘွားသည် ၁၆-၆-၂၀၁၂ရက်(စနေနေ့) နံနက် ၃း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၂ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
## ဦးအေးထွန်း
### (ထွန်းပရိဘောဂ) ထားဝယ်
### အသက်(၆၂)နှစ်

ထားဝယ်မြို့၊ သင်္ဘောဆိပ်ရပ်၊ အာဇာနည်လမ်းအမှတ် ၁၁၊ရန်ကုန်မြို့၊တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၅၁ (ကောင်းကောင်းဆေးဆိုင်)နေ ဒေါ်ခင်စော၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးတင်ရှိန်-ဒေါ်မြစန်း၊ ဦးသန်းဝင်း-ဒေါ်မြမြဝင်း (စိမ်းလန်းမြေ ခတ်မြေသြဇာ၊ ဘုရင့်နောင်)တို့၏ညီမောင်၊ ထားဝယ်မြို့နေ ဦးကံဝင်း-ဒေါ်သိန်းရီ၊ ဦးသန်းထွန်း-ဒေါ်ခင်နွဲ့(မဟာဆေးဆိုင်)၊ ရန်ကုန်မြို့နေ ဦးအုန်းမောင်-ဒေါ်ရီရီသိန်း(ရွှေဇင်ယော်ဟိုန်းကုမ္ပဏီ)၊ ဦးမျိုးသိန်း-ဒေါ်စန်းစန်းနု (မြတ်တော်ဝင်ဆေးတိုက်)၊ ဦးမင်းလွင်ဦး-ဒေါ်မော်မော်ဝါရိန် (ရွှေဇင်ယော်ဟိန်းကုမ္ပဏီ)၊ ဦးမောင်မောင်ခိုင်-ဒေါ်မိုးမိုးသင်းတို့၏အစ်ကိုသည် ၁၅-၆-၂၀၁၂ရက် (သောကြာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သပြေချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မူမူ (ရွှေဘို)
### B.Ed (၁၉၇၅-၁၉၈၀)
### အထက်တန်းပြဆရာမ
### အထက(၃)မြောက်ဒဂုံ
### အသက်(၅၃)နှစ်

ရွှေဘိုမြို့၊ မြို့ကွက်ဥရပ်နေ (ဦးသိန်းဟန်)-ဒေါ်လှချိုတို့၏သမီး၊ ဦးတင်ဝင်း-ဒေါ်ကြူကြူ(စက်မှု-၂၊ ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးမင်းအောင်(ငြိမ်း)(တပ်မတော်လေ)-ဒေါ်မြင့်မာလာဌေး(အကောက်ခွန်ဦးစီးဌာန)တို့၏ညီမ၊ ဦးထွန်းထွန်း(သတ္တုတွင်း၊ ကျောက်မျက်)-ဒေါ်သီတာဦးတို့၏အစ်မ၊ တူ၊တူမ ခုနစ်ယောက်တို့၏အဒေါ်၊ အမှတ် ၆၂၆၊ မင်းရဲကျော်စွာလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဆရာမဒေါ်မူမူသည် ၁၆-၆-၂၀၁၂ရက် နံနက် ၁း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ သာသနာ့ဒါယကာကြီး
## ဦးအောင်သန်း
### ဒုမန်နေဂျာ(ငြိမ်း)၊ သစ်လုပ်ငန်း၊ တောင်ငူမြို့
### အသက်(၉၅)နှစ်

တောင်ငူမြို့၊ အုတ်ကျုတ်တန်းရပ်နေ (ဦးပိုင်-ဒေါ်လှနှင်း)တို့၏သား၊ (ဒေါ်အုန်းကြိုင်)၏ခင်ပွန်း၊ (ဦးဘိုးသောင်-ဒေါ်ငြိမ်းရင်)၊ [ဗိုလ်ကြီးအောင်သိန်း(ငြိမ်း)-ဒေါ်အမာ]၊ [ဗိုလ်မှူးမင်းအောင်(ငြိမ်း)-ဒေါ်ကေသီ]တို့၏ညီ၊ [ဗိုလ်ကြီးမောင်ကျော်(ငြိမ်း)-ဒေါ်အမ]၊ (ဦးကျော်ရင်)၊ ဗိုလ်မှူးမောင်လှ(ငြိမ်း)-(ဒေါ်ကျင်လှိုင်)၊ [ဒုတိယဗိုလ်မှူးကြီးအုန်းငွေ(ငြိမ်း)]-ဒေါ်ခင်ခင်၊ (ဒေါ်ပြုံး)၊ (ဒေါ်သင်းမြိုင်)၊ တပ်ကြပ်ကြီးသောင်းရွှေ(ငြိမ်း)-ဒေါ်သိန်းလှတို့၏အစ်ကို၊ (ဦးကျော်တင့်၊ မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)-ဒေါ်ကြူကြူသန်း(အလပြ၊ ငြိမ်း)၊ ဦးခင်မောင်(အင်/မှူးကြီး၊ ငြိမ်း)-ဒေါ်ခင်မူမူ(ထွေ/ဂျ၊ စက်မှု-၁၊ ငြိမ်း)၊ ဒေါ်မာလာသန်း(အလပြ၊ ငြိမ်း)တို့၏ဖခင်၊ ဗိုလ်မှူးခိုင်ဇော်ဦး-ဒေါက်တာစောဝတ်မှုန်၊ ဒေါက်တာအာကာ-ဒေါက်တာခိုင်ဆွေဆွေညွန့်တို့၏အဘိုးသည် ၁၆-၆-၂၀၁၂ရက် ညနေ ၅နာရီတွင် တောင်ငူမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အနောက်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဆရာမကြီးဒေါ်နွဲ့(ဒေါ်သန်းနွဲ့) အသက်(၈၃)နှစ်
### ဆကာကြီးအသင်း(ရန်ကုန်)နာယက

ရန်ကုန်တက္ကသိုလ်၊ သမိုင်းဌာန ပါမောက္ခ၊ ဒေါက်တာခင်စောနွဲ့-ဦးဇော်မင်းအောင်တို့၏မိခင် ဒေါ်နွဲ့သည် ၉-၆-၂၀၁၂ရက်တွင်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အဖွဲ့၊ ဆကာကြီးအသင်း(ရန်ကုန်)**

## ရန်စင်ချန်(ခ)ဦးကြည် (ကျောက်မဲ)
### မိသားစုလက်ဖက်ခြောက်
### အသက်(၇၇)နှစ်

ကျောက်မဲမြို့နေ (ဦးရန်ချီဖ-ဒေါ်ဝင့်)တို့၏သားထွေး၊ (ဦးထိုက်ချမ်း)-ဒေါ်မြရွှေ၊ [ဦးရန်လီချန်း(ခ)ဦးသန်းဌေး]တို့၏ညီ၊ ဟောင်ကောင်မြို့နေ ဒေါ်ရန်ကျင်း၏မောင်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ H-2၊ ရွှေပုန်းညက်လမ်း၊ ရွှေပုန်းညက်ရိပ်မွန်နေ ဒေါ်ရွှေကြူ၏ခင်ပွန်း၊ မခင်ခင်ကြည်၊ မယဉ်ယဉ်ကြည်၊ မထွေးထွေးကြည်၊ မောင်အောင်ကြည်တိုး၊ မဌေးဌေးကြည်တို့၏ဖခင်သည် ၁၆-၆-၂၀၁၂ရက် (စနေနေ့)နံနက် ၇း၃၀နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၂ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးယူနန်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## U William K. Sang Nawn
### ရဲမှူး(ငြိမ်း)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၊ ရွှေနှင်းဆီ ၁လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ(Pu Khen Mang-Pi Vai Paung) တို့၏သားကြီး၊ (Rev Heng Cin)-Pi Ngun Zi တို့၏သားသမက်၊ Pi Nawn Tang ၏ခင်ပွန်း၊Pi Sui Bil,Pi Ngun Zing, Rev Dr. J Ral Buai-Pi Hning Zing တို့၏အစ်ကို၊ [Daw Vai Sung (U marh)]- Pu အင်္ဂါ၊ Daw Sui Tial (Toe ma)- U Sui Nawl, Daw Sui Ci (မိုးမိုး)- U Dawt Cung, U Khen Mang-Daw Tha Kip Thluai, U Bawi Min Lian-Daw Sui Tin Sung, Daw Sung Tin Par- U Sang Za Lian တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၁၆-၆-၂၀၁၂ရက် မွန်းလွဲ ၁း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၈-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြောက်ဒဂုံ၊ မန္တလေးလမ်းမှတ်တိုင်၊ မြောက်ဒဂုံ (၄၆)မှတ်တိုင်၊ လှိုင်သီရိအိမ်ရာအင်းစိန် ဘီအိုစီမှတ်တိုင်၊ ရွှေဂုံတိုင်(UPC)အသင်းတော်ဌာနချုပ်၊ ဖမောနေ့ဘုရားကျောင်းရှေ့၊ စမ်းချောင်း CBC ဘုရားကျောင်းရှေ့၊ ထန်းပင်ကုန်း (UPC)ဘုရားကျောင်းရှေ့တို့မှကားများ ၁၈-၆-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးချစ်စိန်(ခ)
## ဦးကျင်းလှ (ဖြူး)
### B.Ecom
### အသက်(၅၆)နှစ်

ပဲခူးမြို့၊ ဖြူးမြို့နယ်၊ ဈေးရပ်ကွက်၊ ၅လမ်းနေ (ဦးဘိုးချို-ဒေါ်ကျင်ရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၂၆၉နေ (ဦးဆုံမင်း) - ဒေါ်သန်းရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၂၇၀-ဘီနေ ဒေါ်ဝေဝေလွင်၏ခင်ပွန်း၊ မောင်ဇာနည်ဖြိုးဝေ-မမီမီကော၊ မောင်ကျော်မင်းရှိန်တို့၏ဖခင်၊ မုံရွာမြို့၊ ကြေးနီစီမံကိန်းနေ ဦးသောင်းတင်-(ဒေါ်ခင်ချို)တို့၏ညီသည် ၁၅-၆-၂၀၁၂ရက် (သောကြာနေ့) ည ၁၀း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၇-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
## ဦးအေးထွန်း
### (ထွန်းပရိဘောဂ) ထားဝယ်
### အသက်(၆၂)နှစ်

ထားဝယ်မြို့နေ (ဦးမောင်ကျော်-ဒေါ်စီပို)တို့သား၊ (ဦးဉာဏ်သင်း-ဒေါ်ငွေပို)တို့၏သားသမက်၊ ထားဝယ်မြို့၊ သင်္ဘောဆိပ်ရပ်၊ အာဇာနည်လမ်း၊ အမှတ် ၁၁နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း အမှတ် ၅၁(ကောင်းကောင်းဆေးဆိုင်)နေ ဒေါ်ခင်စော၏ခင်ပွန်း၊ မောင်ရဲနောင်ထွန်း၊ မောင်လင်းဘိုဘို-မအိအိခက်ပန်၊ မောင်စံကျော်-မစုစုမာတို့၏ဖခင်သည် ၁၅-၆-၂၀၁၂ရက် (သောကြာနေ့)နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သပြေချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိုးနိုင်
### (ဆေးရိုးပင် အုတ်ရောင်းဝယ်ရေး)
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးအေး-ဒေါ်မြညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးဘကြိုင်)-ဒေါ်သိန်းအေးတို့၏သားသမက်၊ ဒေါ်တင်တင်လှ၏မောင်၊ ဦးဆန်းနိုင်-ဒေါ်မိုးမိုးအေး(ဆေးရိုးပင်အုတ်ရောင်းဝယ်ရေး)၊ ဦးမျိုးညွန့်-ဒေါ်စန်းစန်းမော်၊ ဦးကျော်ကျော်လင်း - ဒေါ်ဥမ္မာမြင့်တို့၏အစ်ကို၊ ဒေါ်သီဂီကြိုင်၏ခင်ပွန်း၊ မယုသဇင်ဝေ (ဒဂုံတက္ကသိုလ်၊ တတိယနှစ်၊ ရူပဗေဒ)၊ မောင်စိုးမင်းဝေ၊မောင်ညီညီဝေ(အထက-၃၊ ဒဂုံတောင်)တို့၏ဖခင်၊ တူ၊တူမ ၁၂ယောက်တို့၏ဦးလေးသည် ၁၅-၆-၂၀၁၂ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၂ရက် ညနေ ၄နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၁၂ရက်(ကြာသပတေးနေ့)တွင် အမှတ် ၁၃၅၊ စိန်ပန်းမြိုင် (၁)လမ်း၊ 8/A ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ R. 488

17-6 (19).pmd 1 6/17/2012, 2:19 AM

# ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရန် ကျောင်းအကျိုးတော်ဆောင်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိ

# ကျောင်းသား၊ မိဘ၊ ဆရာနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ စိတ်အားထက်သန်စွာဆောင်ရွက်မှ ရည်မှန်းချက်အောင်မြင်မည်

နေပြည်တော် ဇွန် ၁၆

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ဇေယျာသီရိမြို့နယ်မှ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်စွာသင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဒုတိယအကြိမ် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ခင်လေးသက်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဇေယျာသီရိမြို့နယ်မှ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်စွာသင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဒုတိယအကြိမ် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးစနစ်ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သော စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ မြင့်မားလာရန်အတွက် ကျောင်းသား၊ မိဘ၊ ဆရာ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိအခြေအနေတွင် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ မိဘ၊ ဆရာနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက စိတ်အားထက်သန်စွာဆောင်ရွက်မှသာ ပညာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ ပညာရည်မြှင့်တင်ရေးနှင့် အောင်ချက်မြင့်မားရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အကြံပြုပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ▲

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာရေးဆရာအသင်း ပထမအကြိမ် ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ပုံနှိပ်မီဒီယာဥပဒေသည် စာပေနှင့် စာနယ်ဇင်းများနှင့် စာပေလွတ်လပ်ခွင့်ကို ဟန့်တားရန်၊ ပိတ်ပင်ရန်မဟုတ်

# သိက္ခာရှိသော၊ အရည်အချင်းရှိသော၊ စစ်မှန်သော စတုတ္ထမဏ္ဍိုင်ပေါ်ထွန်းလာစေရေးကိုသာ ဦးတည်ရည်ရွယ်

နေပြည်တော် ဇွန် ၁၆

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**



**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီနာယကများ၊ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စာရေးဆရာကြီးများ၊ မြို့နယ်အသီးသီးမှ ညီလာခံကိုယ်စားလှယ်များ၊ မီဒီယာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၂ ခုနှစ် မတ် ၂၄ ရက်က ဤနေရာတွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံတွင် ဒီမိုကရေစီလူ့ဘောင်နှင့်ညီညွတ်သည့် စာပေအသင်းအဖွဲ့များကို ပြောင်းလဲပြင်ဆင်ဖွဲ့စည်းကြရန် ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ယင်းဆုံးဖြတ်ချက်ကို လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီကကြီးမှူးပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး၏ ပထမဆုံးအကြိမ်ညီလာခံကို ကျင်းပနိုင်ခြင်းဖြစ်၍ စာပေလောကမှာ သမိုင်းမှတ်တမ်းတင်ရမည့် အခမ်းအနားကြီးဖြစ်ပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ ■

# တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ရင်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စစ်တွေမြို့ စက်ရုံစုရပ်ကွက် စက်ရုံစုဈေး အပျက်အစီးများ ရှင်းလင်းဖယ်ရှား

**နေပြည်တော် ဇွန် ၁၆**

ရခိုင်ပြည်နယ် မြို့နယ်အချို့တွင် လတ်တလောဖြစ်ပွားခဲ့မှုများ၌ ပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားရန်၊ ကျန်းမာရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အားပေးကူညီရန်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ ကြက်ခြေနီတပ်ဖွဲ့ဝင် (၄၀)၊ မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ မီးသတ်တပ်ဖွဲ့ဝင် (၂၀၀)တို့သည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိလာကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆

# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများပေးအပ်

**ရန်ကုန် ဇွန် ၁၆**

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Sun Myanmar Group ကုမ္ပဏီမှ ဦးမျိုးအောင်-ဒေါ်ခင်ရီမွန်တို့က ငွေကျပ် ၁၀ သိန်း၊ ရွှေမြန်မာအထည်ချုပ်စက်ရုံ ဒါရိုက်တာဦးခင်မောင်ဝင်းက ငွေကျပ် ခြောက်သိန်းငါးသောင်းတန်ဖိုးရှိ အဝတ်အထည်များ၊ ကိုကောင်းမြတ်သူ-မရတနာစိုးမိုး မိသားစု(အင်းယားမြိုင်လမ်း)က စာမျက်နှာ ၈ ကော်လံ ၁ ❖